မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ပဝဂ်(၈မူပဒ-၄၇)

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများနှင့် ဒေသထုတ်ကုန်လုပ်ငန်းဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုအားပေး

ပြည်တွင်းထုတ်ချည်မျှင်များကို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ပြီး အသုံးပြုနိုင်ပါက ပိုမိုအကျိုးရှိစေမည်

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နှင့် ဝမ်းတွင်းမြို့နယ်တို့အတွင်းရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများနှင့် ဒေသထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆိတ်နှင့်သိုး မွေးမြူရေးလုပ်ငန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည်လမ်းရှိဦးမြဟန်ဆိတ်နှင့်သိုးမွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးမြဟန်က ဆိတ်နှင့် သိုးများမွေးမြူထားရှိမှု၊ ဒေသထွက်ကုန်များဖြစ်သည့် ဝါစေ့ခွံ၊ ဆီးခွံ၊ ပဲနောက်၊ ပဲတီစိမ်းဖတ်များ၊

စာမျက်နှာ ၃ ကော်လံ ၁ ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝမ်းတွင်းမြို့နယ်ရှိ Leader of Textile Public Co.,Ltd လုပ်ငန်းခွင်အတွင်း ကြည့်ရှုအားပေးစဉ်။





ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆ -၆-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၅၁၅	၂၆၉၀	၂၅၇၀	၂၅၂၅	၂၅၉၅	၂၆၀၅	၂၆၀၅	၂၅၇၅	၂၇၀၅	၂၇၃၅	၂၅၈၀	၂၅၉၅	၂၆၃၀	၂၆၂၀	၂၆၃၀	၃၀၀၀	၃၀၀၀
95 Ron	၂၆၄၅	၂၇၂၅	၂၇၀၀	၂၆၅၅	၂၇၂၅	၂၇၄၀	၂၇၀၀	၂၇၀၅	၂၈၃၅	၂၈၆၅	၂၇၃၀	၂၇၄၀	၂၇၆၀	၂၇၅၀	၂၇၆၀	၃၀၃၀	၃၀၅၀
HSD (500 ppm)	၂၄၀၅	၂၄၈၅	၂၄၆၀	၂၄၀၅	၂၄၈၅	၂၄၀၀	၂၄၁၀	၂၄၆၅	၂၄၉၅	၂၄၂၅	၂၄၀၅	၂၄၃၀	၂၄၂၀	၂၄၂၀	၂၄၂၀	၂၄၀၀	၃၀၀၀
HSD (50 ppm)	၂၅၀၅	၂၅၈၅	၂၅၆၀	၂၅၀၅	၂၅၈၅	၂၅၀၀	၂၅၀၀	၂၅၆၅	၂၅၉၅	၂၆၂၅	၂၅၀၅	၂၅၃၀	၂၅၂၀	၂၅၂၀	၂၅၂၀	၃၂၀၀	၃၀၀၀
HSD (10 ppm)	၂၅၀၅	၂၅၈၅	၂၅၆၀	၂၅၀၅	၂၅၈၅	၂၅၀၀	၂၅၀၀	၂၅၆၅	၂၅၉၅	၂၆၂၅	၂၅၀၅	၂၅၃၀	၂၅၂၀	၂၅၂၀	၂၅၂၀	၃၂၀၀	၃၀၀၀

ကျပ်/လီတာ မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၆၃၂

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၃၇၄	၂၄၅၅
95 Ron	၂၅၀၂	၂၅၈၆
HSD (500 ppm)	၂၁၇၃	၂၂၄၆
HSD (50 ppm)	၂၅၆၀	၂၆၄၁
HSD (10 ppm)	၂၅၆၀	၂၆၄၁

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုရီးယားနိုင်ငံသို့ ရာသီချိန်လုပ်သားစေလွှတ်မည်ဆိုကာ လိမ်လည်မှုဖြစ်စဉ်များရှိနေ၍ သတိထားရန် MOEAF တာဝန်ရှိသူက တိုက်တွန်း

ရန်ကုန် ဇွန် ၁၅

ကိုရီးယားသမ္မတနိုင်ငံသို့ ရာသီချိန်လုပ်သား စေလွှတ်မည်ဟုဆိုကာ လိမ်လည်မှုဖြစ်စဉ်များရှိနေ၍ သတိထားကြရန် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ တာဝန်ရှိသူက တိုက်တွန်းပြောကြားထားသည်။

လက်ရှိကာလတွင် ကိုရီးယားနိုင်ငံသို့စေလွှတ်ရန် ကြိုးပမ်းနေဆဲ အခြေအနေသာရှိနေသော်လည်း မြေပြင်တွင်ပွဲစားများက ရာသီချိန်လုပ်သားစေလွှတ်မည်ဆို၍ ငွေကြေးကောက်ခံနေမှုများ များစွာရှိနေကြောင်း ၎င်းက ပြောသည်။ "ရာသီချိန်လုပ်သားနဲ့ဆိုင်တဲ့ ကိုရီးယားကို လုပ်သားစေလွှတ်ဖို့က မဖွင့်သေးဘူး။ ကြိုးစားတုန်းပဲရှိသေးတာ။ ဒီဘက်မှာအေဂျင်စီတွေ တရားဝင်စေလွှတ်နိုင်ဖို့ ကြိုးစားတုန်းပဲရှိသေးတာ။ ပွဲစားတွေက ကလေးတွေပိုက်ဆံလိမ်တာ၊ ကောက်တာတွေနဲ့ ကတော့ အများကြီးဖြစ်နေပြီ။ အဲဒါမျိုးတွေကို ကလေးတွေအနေနဲ့ သတိတော့ထားရမယ်" ဟု ၎င်းက ပြောသည်။

ကိုရီးယားနိုင်ငံသို့ ရာသီချိန်လုပ်သားအဖြစ်သွားရောက်လုပ်ကိုင်ရန် ပွဲစားများထံသို့ ငွေကြေးပေးသွင်းထားကြပြီး အချို့မှာ ချေးငှားး၍ ပေးသွင်းထားမှုများလည်းရှိနေကြောင်း သိရသည်။ လက်ရှိတွင် လိုင်စင်ရပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၅၆၀ ကျော်ရှိပြီး ပြည်ပထွက်ခွာသူများအနေဖြင့် ပွဲစားများနှင့်ချိတ်ဆက်၍သွားရောက်ရန် ဆောင်ရွက်မှုများရှိနေ၍ သေသေချာချာစုံစမ်းပြီး လိုင်စင်ရအေဂျင်စီများနှင့်ချိတ်ဆက်ကာ တိုက်ရိုက်သွားရန်သာ အကြံပေးလိုကြောင်း ပြောကြားသည်။ ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရ၏ပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA)မှတစ်ဆင့် EPS စနစ်ဖြင့်သာ မြန်မာလုပ်သားများကို စေလွှတ်လျက်ရှိကြောင်း သိရသည်။ MT



ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့်စေလွှတ်သော မြန်မာကုန်ထုတ်လုပ်သားသစ် ၁၅၂ ဦး အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂၁ ရက်က ရောက်ရှိသွားစဉ်။

မြန်မာ့အလင်း

ဒေသဖျက်ဆီးသူ အကြမ်းဖက်သမား လူထုအားဖြင့် ဖယ်ရှားရှင်းလင်း

ကယားပြည်နယ်၏မြို့တော် လွိုင်ကော်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်နေကြပြီဖြစ်သည်။ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူများ တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် ပျက်စီးခဲ့သမျှတို့ကို ဒေသတည်ငြိမ်အေးချမ်းမှု ရရှိလာချိန်တွင် ပြန်လည်ထူထောင်တည်ဆောက်ကြရခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်းတွင် နိုင်ငံရေးအပြောင်းအလဲနှင့်အတူ ပြည်တွင်းရှိဒေသအချို့တွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများ ပေါ်ပေါက်လာသလို ယခင်ရှိနှင့်ပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအတွင်းမှ ငြိမ်းချမ်းရေးမလိုလားသူ၊ အခွင့်ကောင်းယူလိုသူတို့၏ ပွဲလန့်တုန်းဖျာခင်းသည့် လုပ်ရပ်များလည်း ပေါ်ပေါက်လာသည်။ လုံခြုံရေးအားနည်းသည့် မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးလုယက်ခြင်း၊ လမ်းတံတားများကို ဖြတ်တောက်ဖျက်ဆီးခြင်း စသည့်အကြမ်းဖက် အဖျက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်ဥစ္စာပစ္စည်းများစွာ ပျက်စီးဆုံးရှုံးခဲ့ကြရသည့်အပြင် လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးစသည်ဖြင့် အဘက်ဘက်တွင် အခက်အခဲများ၊ နစ်နာဆုံးရှုံးမှုများလည်း ဖြစ်ပေါ်ခဲ့ရသည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခြင်းက နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခဲ့သည်။

လက်ရှိအခြေအနေတွင် တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခုအကြား နယ်မြေလုမှုများ၊ လူမျိုးရေးခွဲခြားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုကျူးလွန်မှုများ ဖြစ်ပေါ်လျက်ရှိနေသကဲ့သို့ပင် အကြမ်းဖက် CRPH၊ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့များအကြား အပြန်အလှန်တိုက်ခိုက်မှုများ၊ ဥပဒေမဲ့ သတ်ဖြတ်မှု၊ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်မှုများ၊ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်မှုများ စသည်တို့ကို တရားမဲ့ပြုကျင့်နေမှုများ ဖုံးမရ ဖိမရ ထွက်ပေါ်လာလျက်ရှိသည်။ ပြည်တွင်းမှ ဒေသအလိုက်ဖြစ်ပေါ်နေသည့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းမှုများမှာ ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသကဲ့သို့ပင် ဒေသတွင်းနေပြည်သူတို့၏ လူမှုစီးပွားဘဝများ နိမ့်ကျစေသည်ကို သိရှိနားလည်ထားကြရန်လိုသည်။ လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းမှုများသည် နိုင်ငံ၏အရင်းအမြစ်များကို ပျက်စီးဆုံးရှုံးမှုဖြစ်စေရာတွင် လူသားအရင်းအမြစ် ပျိုးထောင်ရေးတွင် အဓိကအရေးပါသည့် ပညာသင်ကြားမှုများကို ထိခိုက်စေသည့်အပြင် နိုင်ငံ၏အနာဂတ်အင်အားဖြစ်သော လူငယ်လူရွယ်များကိုပါ ဆုံးရှုံးစေသည်။ သို့ဖြစ်ရာ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုများကို အားပေးကူညီမှုမပြုရန်နှင့် ဆန့်ကျင်ကြရန်လိုသည်။

ဒေသတစ်ခုပျက်စီးစေရန် လုပ်ဆောင်ကြသူများမှာ ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖြစ်ပေါ်နေသည့် အကြမ်းဖက်လုပ်ရပ်များကို အဆိုပါဒေသတွင် နေထိုင်ကြသည့် အကြမ်းဖက်များကပင် လုပ်ဆောင်နေကြခြင်းဖြစ်သည်။ မိမိတို့နေထိုင်ရာ ဒေသများကိုပင် "အရိပ်နေရာ၊ အခက်ချိုးချိုး" ဖျက်ဆီးနေကြသည့် အကြမ်းဖက်အဖျက်သမားများကို ဒေသနေလူထုအားဖြင့် ဝိုင်းဝန်းဟန့်တား ဖယ်ရှားရှင်းလင်းကြရပါမည့်အကြောင်း။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်းခွင်၌ ဆိတ်များ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာ-သာစည်လမ်းရှိ ဦးမြဟန် ဆိတ်နှင့်သိုးမွေးမြူရေးလုပ်ငန်းခွင်ကို ကြည့်ရှုအားပေးစဉ်။

◆ ရှေ့ဖုံးမှ

မြေပရိုးများဖြင့် စပ်စာကျွေးမွေးလျက်ရှိမှု၊ ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိမှုနှင့် လုပ်ငန်းလည်ပတ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ ဒေသတွင်း မွေးမြူရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိရိုးဖလာစနစ်အတိုင်း မွေးမြူခြင်းထက် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းအဖြစ်သို့လည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူထုတ်လုပ်သူနှင့် ဝယ်ယူစားသုံးသူတို့၏အကြား၌ ကြားခံအဆင့်များ များနေပါက အသားငါးဈေးနှုန်းများသည်လည်း ကြီးမြင့်နေမည်ဖြစ်သဖြင့် မွေးမြူထုတ်လုပ်သူနှင့် စားသုံးသူတိုက်ရိုက် စနစ်တစ်ခုကို ဖော်ဆောင်နိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ အကောင်လိုက် ရောင်းချခြင်းထက် အသားကို အဆင့်မီ ထုတ်ကုန်အဖြစ် ထုတ်လုပ်၍ အေးခဲသားများ၊ အသားခြောက်များ ပြုလုပ် ရောင်းချနိုင်ရေးအတွက် အသား ထုတ်လုပ်မှု စက်ရုံကိုလည်း ဆောင်ရွက်သင့်ကြောင်း၊ ဒေသ ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း များအနေဖြင့်လည်း မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ ထိုက်သင့် သည့်အဖြတ်ရရှိရေး၊ စားသုံးသူ များ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး ဖြစ်သင့်ဖြစ်ထိုက်သည့် အသား ဈေးနှုန်းများကို သတ်မှတ် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားပြီး လုပ်ငန်း ခွင်အခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆူးဖြူခက်ကျေးရွာရှိ GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးမောင်မြင့်က လုပ်ငန်းလည်ပတ်လျက်ရှိသည့် အခြေအနေများ၊ ဂျိတ်နီဆိတ်မျိုးနှင့် ထိန်စမ်းဆိတ်မျိုးတို့ကို မွေးမြူထားရှိမှု အခြေအနေများ၊ အစာကျွေးမွေးမှု စနစ်များနှင့် နေဇီယာမြက်စိုက်ခင်း ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသတွင်းထွက်ရှိသည့်ကုန်ကြမ်းများကို အကျိုးရှိရှိ အသုံးပြု၍ ယခုကဲ့သို့မွေးမြူရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဆိတ်များအား အမျိုးအစားလိုက်၊ အသက်အရွယ်အလိုက် အသားနူးညံ့မှုနှုန်းထားနှင့် အာဟာရပါဝင်မှုနှုန်းထားများကိုလည်း သုတေသနပြု ဆောင်ရွက်သင့်ကြောင်း၊ ပြည်ပနိုင်ငံများ၏ မွေးမြူမှုစနစ်များနှင့် အစာကျွေးမွေးမှုစနစ်များကိုလည်း အမြဲမပြတ်လေ့လာကြည့်ရှုရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးပြောကြားကာ GARDEN FAMILY ဆိတ်မွေးမြူရေးလုပ်ငန်းမှ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ကောင်းထက်စံ နို့စားနွားမွေးမြူရေးလုပ်ငန်း


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်းထက်စံ နို့စားနွားမွေးမြူရေးဒုံခြံ နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Leader of Textile Public Co.,Ltd ၏ စက်ရုံလုပ်ငန်းခွင်အတွင်း ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိန္နရီချည်ချောလုံချည် ထုတ်လုပ်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစဉ်။

စာမျက်နှာ ၃ မှ

တောမကျေးရွာရှိ ကောင်းထက်စံနိုစားနွားမွေးမြူရေးခြံသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးခင်မောင်ဝင်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နို့စားနွားများမွေးမြူထားရှိမှု၊ နွားသားပေါက်များ မွေးမြူထားရှိမှုနှင့် နေ့စဉ်နို့ထုတ်လုပ်ရရှိမှု အခြေအနေများ၊ ဝင်းဝင်း 'တမ' နို့ချက်စက်ရုံမှ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး နို့နှင့် နို့ထွက်ပစ္စည်းများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရမှုအပေါ် ပြည်တွင်းထုတ် နို့နှင့် နို့ထွက်ပစ္စည်းများဖြင့် အစားထိုးနိုင်ရန် လိုအပ်သည့်အခြေအနေများနှင့် အခြားလိုအပ်သည်များကို အကြံပြု ဆွေးနွေးပြောကြားသည်။

Leader of Textile Public Co.,Ltd

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံရှိ မိရိုးဖလာရက်ကန်းလုပ်ငန်းများကို ခေတ်မီတိုးတက်စေရန်၊ အရည်အသွေးပြည့်မီသောချည်ထည်များ ထုတ်လုပ်၍ ပြည်တွင်းဌာနမက ပြည်ပသို့ တင်ပို့နိုင်ရန် ဝမ်းတွင်း၊ သာစည်၊ မိတ္ထီလာ၊ ရွှေတောင်၊ အမရပူရ မြို့နယ်များမှ ရက်ကန်းလုပ်ငန်းရှင်များ စုပေါင်း၍ တည်ထောင်ထားသည့် Leader of Textile Public Co.,Ltd သို့ ရောက်ရှိကြရာ ဒါရိုက်တာ အဖွဲ့ဝင် ဦးလှဘူးနှင့် အင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းတို့က လုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက် အခက်အခဲများကို လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး အခက်အခဲများအား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ကိန္နရီ ချည်ချောလုံချည် ထုတ်လုပ်ရေးလုပ်ငန်းစု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝမ်းတွင်းမြို့ရှိ ရွှေသဲတောကုမ္ပဏီ၊ ကိန္နရီချည်ချောလုံချည် ထုတ်လုပ်ရေး လုပ်ငန်းစုသို့ ရောက်ရှိကြရာ လုပ်ငန်းမှ ဦးမြတ်မိုးဝင်းနှင့် ဒေါ်သန်းသန်းအေးတို့က ချည်ငင်လုပ်ငန်းဆောင်ရွက်မှု၊ ရက်ကန်းခတ်လုပ်ငန်း ဆောင်ရွက်မှု၊ ဒေသတွင်း အလုပ်အကိုင်ဖော်ဆောင်ပေးနိုင်မှုနှင့် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး ထုတ်လုပ်ထားသည့် ပုဆိုးများကို ခင်းကျင်းပြသသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း အထည်အလိပ် ထုတ်လုပ်ရေးလုပ်ငန်းများ၌ အချို့သောချည်များကို ပြည်ပမှ တင်သွင်းနေရကြောင်း၊ ပြည်တွင်း ထုတ်ချည်မျှင်များကို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ပြီး အသုံးပြုနိုင်ပါက ပိုမိုအကျိုးရှိစေမည်ဖြစ်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များလည်း လျော့ကျလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းမှထွက်ရှိသည့် ချည်များဖြင့် အထည်များထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန် လိုကြောင်း ဆွေးနွေးပြောကြားပြီး လုပ်ငန်းခွင်အခက်အခဲများအား မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်မဲမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ



အိမ်မဲ ဇွန် ၁၅

ရောဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာဖြစ်သော အိမ်မဲမြို့အဝင်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရန်အတွက် လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက လူထုအသိပညာပေးဘိုင်းဘုတ်အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဆိုပါ ဆိုင်းဘုတ်ကို အမွေးနှံ့သာရည်များ ပက်ဖျန်းပေးသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**



ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနမှဦးဆောင်၍ ၂၀၂၄ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၄ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးလွင်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။

မင်းမင်းထွေး(ပျော်ဘွယ်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား

မိတ္ထီလာဒေသ၏ ထူးခြားသည့်ဝိသေသများနှင့် အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား မိတ္ထီလာမြို့ကနဲတော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ဝေ၊ ဒေါက်တာ ချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဒေသဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာယာလှပရေးအပါအဝင် ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက မိတ္ထီလာမြို့သည် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် မြို့ဖြစ်သကဲ့သို့ ရောင်းဝယ်ဖောက်ကားမှုများ ကောင်းမွန်သည့်မြို့ဖြစ်သဖြင့် ကုန်စည်စီးဆင်းမှုများ ယခုထက် ပိုမိုလျင်မြန်ကောင်းမွန်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရေးတို့အတွက် မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ပေးစေလိုမှု၊ ကျောင်းသားစုံညီပွဲတော်ပြုလုပ်နိုင်ရေး ခန်းမတစ်ခု တည်ဆောက်ပေးစေလိုမှု၊ မိတ္ထီလာ-ကျောက်ပန်းတောင်း မြို့ရှောင်လမ်းဆောင်ရွက်ပေးစေလိုမှု၊ ဝါသီးနှံပန်းတိုင်အထွက်ရှုနိုးရရှိရေး၊ ပြည်တွင်းချည်မွှေးနှင့် အထည်လိုအပ်ချက်ပြည့်မီရေးတို့တွင် အခြေခံအကျဆုံးဖြစ်သည့် ဝါစိုက်တောင်သူများ၏ လိုအပ်ချက်များနှင့် ဝါမျိုးကောင်းမျိုးသန့်များရရှိရေး ဖြည့်ဆည်းပေးစေလိုမှု၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်လိုအပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ဝါစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ပြည်တွင်းပြည်ပမှ ဝါမျိုးများကို သုတေသနပြုလုပ် စမ်းသပ်လျက်ရှိမှု၊ စပါးမျိုးကောင်းမျိုးသန့်ရရှိရေး၊ မိတ္ထီလာခရိုင်အတွင်း သွင်းအားစုများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်စေရေးနှင့် စိုက်ပျိုးရေးလုပ်လောက်စွာ ရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသဖြင့် လိုအပ်ချက်ရှိသည်များကို ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် နိုင်ငံတော်မှလိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းရှင်များမှလည်း မှန်မှန်ကန်ကန်နှင့် နည်းစနစ်တကျ စိုက်ပျိုးဆောင်ရွက်သွားရန် လိုအပ်မှု၊ ဝါစိုက်ပျိုးမှုနှင့် အထည်အလိပ်လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ သွင်းအားစုများ ပြည့်မီရေး၊ စက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းစနစ်များ ရရှိရေးနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးပေးနိုင်ရေး ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်းအထည်အလိပ်စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသဖြင့် ကုန်ကြမ်းများရရှိစေရေး အတွက်လည်း ဝါစိုက်တောင်သူများမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များတွင် ပါဝင်သည့် မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ပတ်သက်၍ နိုင်ငံတော်မှ တတ်နိုင်သရွေ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းအသုံးပြုသူများအနေဖြင့်လည်း သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိတိကျကျ လိုက်နာခြင်းဖြင့် လမ်းများရေရှည်တည်တံ့ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၆ သို့

❖ **မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် ပတ်သက်၍ နိုင်ငံတော်မှ တတ်နိုင်သရွေ့ ဆောင်ရွက်ပေးလျက်ရှိ၊ လမ်းအသုံးပြုသူများအနေဖြင့်လည်း သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိတိကျကျ လိုက်နာခြင်းဖြင့် လမ်းများရေရှည်တည်တံ့ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်၊ စည်းကမ်းပိုင်းအရ ကြပ်မတ်ရန်တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ ကြပ်မတ်ဆောင်ရွက်မည်ဆိုပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းလာမည်**

စာမျက်နှာ ၅ မှ

စည်းကမ်းပိုင်းအရ ကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ ကြပ်မတ်ဆောင်ရွက်မည်ဆိုပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ ကျောင်းသားစုံညီပွဲတော်ပြုလုပ်နိုင်ရေး ခန်းမလိုအပ်ချက်နှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းများတွင် ကျောင်းသားကျောင်းသူများ စနစ်တကျဖြင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး စာသင်ကျောင်းများ၏ အကျယ်အဝန်းနှင့် ကျောင်းဆောင်များကို သတ်မှတ်ထားသည့်ပုံစံများဖြင့် တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝါမျိုးကောင်းမျိုးသန့်ရှင်းရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကစီးပွားရေးကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်များမှလည်း ဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံတော်မှတတ်နိုင်သရွေ့ ဖြည့်ဆည်းပေးသွားမည်ဖြစ်သော်လည်း ဝါမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးနိုင်ရေး ဝါစိုက်တောင်သူများမှ အဓိက ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ စပါးမျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေးအတွက်လည်း မိမိတို့ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ထုတ်ယူရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

မိတ္ထီလာခရိုင်သည် ဗဟိုအချက်အချာကျပြီး ထူးခြားသည့်ဝိသေသနှင့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့်ဒေသတစ်ခုဖြစ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွဲ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိတ္ထီလာခရိုင်သည် မြန်မာပြည်၏ အဓိကလမ်းဆုံလမ်းခွဖြစ်ပြီး ထူးခြားသည့်ဝိသေသရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ တည်နေရာအနေအထားအရ နိုင်ငံ၏အလယ်ပိုင်း၌ရှိသည့်အပြင် ကုန်သွယ်မှုတွင်ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့် ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ သွားလာမှုနှင့် ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ မိမိအနေဖြင့် မိတ္ထီလာခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များပေါ်တွင် အခြေခံ၍ ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များကို စနစ်တကျ တွက်ချက်လေ့လာခဲ့ပြီး ဆန်းစစ်ရရှိလာသည့် စာရင်းဇယား အချက်အလက်များကို Powerpoint presentation ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ ရေခံမြေခံနှင့် အခြေခံကောင်းများ ထိထိမိမိ အသုံးချနိုင်ရေး တွက်ချက်ထားခြင်းဖြစ်ပြီး ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း စဉ်းစားသုံးသပ် ဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်

မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ အဓိက ဆောင်ရွက်သည်ကို တွေ့ရှိရကြောင်း၊ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဝါတို့ကို စိုက်ပျိုးသည်ကို တွေ့ရှိရပြီး ပန်းတိုင်အထွက်နှုန်းအနေဖြင့် ရည်မှန်းချက်နှင့် ကွာဟနေသေးသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ မျိုး၊ မြေ၊ ရေ နည်း စသည့်နည်းလမ်းလေးသွယ်ရှိပြီး မျိုးများ ကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေးလုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင် ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများ ကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်းဖြစ်သည်ဟု တင်ပြချက်များအရ သိရှိရကြောင်း၊ မြေကောင်းမွန်မှုမရှိပါက လိုအပ်သည့်သွင်းအားစုများကို ပြည့်မီအောင်ထည့်သွင်းခြင်း၊ နည်းလမ်းရှာ၍ မြေဆီမြေလွှာကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထွက်ရှိမှုမရှိခြင်းကြောင့် မိတ္ထီလာခရိုင်၏ ဝင်ငွေကို များစွာထိခိုက်စေနိုင်သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ တွက်ချက်မှုများအရ မိတ္ထီလာခရိုင်တွင် စပါးစိုက်ကေစုစုပေါင်း ၁၂၃၅၂ ကေရှိပြီး ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းထက် တစ်ကေအထွက်နှုန်း ၃၁ ဒသမ ၇၄ လျော့နည်းသဖြင့် စုစုပေါင်း အထွက်နှုန်း ၃၆၂၆၈၉၂ လျော့နည်းမှုဖြစ်ပေါ်မည်ဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၇၉၇၉၁ ဒသမ ၆၂ သန်း လျော့နည်းမှုဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ မြေပဲ စိုက်ကေ ၅၂၆၄၄ ကေ၌ စုစုပေါင်း အထွက်နှုန်း ၁၈၇၅၀၇ လျော့နည်းမှုဖြစ်ပေါ်ပြီး ငွေကျပ်သန်း ပေါင်း ၄၆၈၉၁ ဒသမ ၁၈ သန်း လျော့နည်းနစ်နာမည် ဖြစ်ကြောင်း၊ နှမ်းစိုက်ကေ ၃၃၃၆၅၇ ကေ၌ စုစုပေါင်း အထွက်နှုန်း ၅၁၆၆၆၄၇ လျော့နည်းမှုဖြစ်ပေါ်ပြီး ငွေကျပ်သန်း ပေါင်း ၅၆၈၅၁ ဒသမ ၁၇ သန်း လျော့နည်းနစ်နာမည် ဖြစ်ကြောင်း၊

စာမျက်နှာ ၇ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- **ပညာရေးနှင့် ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာ တည်ရှိသည့် ခရိုင်တစ်ခုဖြစ်၊ သွားလာမှုနှင့် ပတ်သက်၍လည်း အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို ပိုင်ဆိုင်ထားသည့်ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခုဖြစ်**
- **မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ အဓိက ဆောင်ရွက်သည်ကို တွေ့ရှိရ**
- **စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဝါတို့ကို စိုက်ပျိုးသည်ကို တွေ့ရှိရပြီး ပန်းတိုင်အထွက်နှုန်းအနေဖြင့် ရည်မှန်းချက်နှင့် ကွာဟနေသေးသည်ကို တွေ့ရှိရ**

မိတ္ထီလာခရိုင်

၂၀၂၃-၂၀၂၄ ခုနှစ်၊ ပန်းတိုင်သီးနှံများ၏ သီးနှံစိုက်ပျိုးထွက်ရှိမှုအခြေအနေ

စဉ်	သီးနှံ	စိုက်ဧရိယာ (ဧက)	ရိတ်ဧရိယာ (ဧက)	လက်ရှိအထွက် (၁)ကေ အထွက်နှုန်း	လက်ရှိအထွက် စုစုပေါင်း အထွက်	ပန်းတိုင် (၁)ကေ အထွက်နှုန်း	ပန်းတိုင် စုစုပေါင်း အထွက်
၁	၂	၃	၄	၅	၆=၄×၅	၇	၈=၇×၄
၁	**စပါးစုစုပေါင်း**	၁၂၃,၅၄၂	၁၁၄,၂၅၇	**၆၈.၂၆**	၇,၇၉၈,၈၀၈		၁၁,၄၂၅,၇၀၀
	ဦးစပါး	၁၁၄,၂၅၇	၁၁၄,၂၅၇	၆၈.၂၆	၇,၇၉၈,၈၀၈	၁၀၀ တင်း	၁၁,၄၂၅,၇၀၀
	နွေစပါး	၉,၂၈၅				၁၁၀ တင်း	
၂	မြေပဲ	၅၂,၆၈၄	၅၂,၆၈၄	၃၄.၄၀	၁,၈၁၂,၀၇၃	၇၀ တင်း	၃,၆၈၇,၈၀၀
၃	နှမ်း	၃၃၃,၆၅၄	၃၂၀,၁၉၇	၃.၈၆	၁,၂၃၅,၂၉၃	၂၀ တင်း	၆,၄၀၃,၉၄၀
၄	နေကြာ	၁၄,၄၀၅	၁၄,၄၀၅	၁၂.၄၉	၁၇၉,၈၉၃	၅၀ တင်း	၇၂၀,၂၅၀
၅	ပဲတီစိမ်း	၃၆,၄၂၇	၃၆,၄၂၇	၇.၇	၂၈၀,၃၃၄	၂၀ တင်း	၇၂၈,၅၄၀
၆	ပဲစင်းငုံ	၉၆,၇၄၀	၉၆,၇၄၀	၆	၅၈၀,၂၇၇	၂၅ တင်း	၂,၄၁၈,၅၀၀
၇	ဝါ	၃၈,၈၂၅	၃၈,၈၀၄	၃၆၅.၂၁	၁၄,၁၇၁,၆၃၃	၇၀၀ ပိဿာ	၂၇,၁၆၂,၈၀၀

မှတ်ချက်။ - ၂၀၂၃-၂၀၂၄ခုနှစ်၊ နွေစပါးနှင့် နှမ်းသီးနှံတို့မှအပ ကျန်သီးနှံများ ရိတ်သိမ်းပြီးဖြစ်ပါသည်။
- မိတ္ထီလာခရိုင်တွင် အစေ့ထုတ်ပြောင်း၊ မတ်ပဲနှင့် ကြံသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမရှိပါ။

စာမျက်နှာ ၆ မှ

အလားတူ အခြားသီးနှံများဖြစ် သည့် နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ဝါစိုက်ပျိုးထွက် ရှိမှုများတွင်လည်း ပန်းတိုင်အထွက်နှုန်းလျော့နည်းခဲ့မှုကြောင့် မိတ္ထီလာဒေသအတွက် ငွေကျပ်သန်း ပေါင်းများစွာ ထိခိုက်နစ်နာလျက်ရှိသဖြင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိတို့ခရိုင်၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်ကို လက်တွေ့ဆန်းစစ်ချက်အရ တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စည်းကမ်းစနစ်တကျ ဖြစ်စေရေး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့မှ ဦးဆောင်၍အဓိက ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဖြင့် ဆောင်ရွက်၍ မရနိုင်သည်များကို အဆင့်ဆင့်တင်ပြ၍ ဆက်လက် ဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံတော်အဆင့်နှင့် ဝန်ကြီးဌာနအလိုက် ပိုင်းဝန်းဖြေရှင်း ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

ဆီထွက်သီးနှံနှင့် ပတ်သက်၍ မိတ္ထီလာဒေသတွင် မြေပဲ၊ နှမ်းနှင့် နေကြာများကို စိုက်ပျိုးကြကြောင်း၊ ဆီအစားထိုးသီးနှံအဖြစ် ပဲပုပ်နှင့် နေကြာများ စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက ပြည်တွင်းဆီအထွက်နှုန်းတိုးတက်လာပြီး စီးပွားရေးအရ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ ဝါသည် စက်မှုသီးနှံဖြစ်ပြီး အခြားသီးနှံများနှင့် သဘောသဘာဝမတူညီသဖြင့် သာမန်မဟုတ်တဲ့ အလေးထားစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူတို့တွင် မွေးဖွားချိန်မှစ၍ သေဆုံးသည့်အချိန်အထိ အဝတ်အထည်နှင့် ကင်း၍မရနိုင်သည့်အတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုသည်အရေးကြီးသည့် အခန်းကဏ္ဍ၌ ရှိနေကြောင်း၊ ပြည်တွင်း၌ A Grade ရှိသည့် ချည်များထုတ်လုပ်နိုင်ရေး ဝါမျိုးကောင်းမျိုးသန့်များရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့် ဒေသတစ်ခုဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့်စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့် ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်း လိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ယခုထက် တိုးတက်အောင်မြင်အောင် ဦးဆောင်ဒေသတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးသည်ကို တွေ့ရှိရပြီး အထွက်ကောင်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သကဲ့သို့ ကြက်သွန်ကို အခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကြက်သွန်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက် မှုကို အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်၍ ဒေသ၏ စားရေးလိုအပ်ချက်ကို ပြည့်မီအောင်ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတွင်း စားရေးအတွက် လိုအပ်ချက်များကို ပြင်ပမှ မှာယူစားသုံးရခြင်းဖြင့် ဒေသတွင်း လည်ပတ်သုံးစွဲငွေများသည် ပြင်ပသို့ ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာခရိုင်အတွင်း ဆန်ဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး တို့သည် နေ့စဉ်အဓိက စားသုံးနေကြသည့် အသားများပင်ဖြစ်ပြီး မိတ္ထီလာခရိုင်တွင် ကြက်၊ ဝက်၊ ဆိတ်၊ နွား တို့ကို အောင်မြင်စွာမွေးမြူလျက်ရှိသည်ကိုတွေ့ရကြောင်း၊ မိတ္ထီလာသည် လမ်းဆုံ လမ်းခွကျပြီး ခရီးသွားများစွာ နေ့စဉ်ဝင်ထွက်သွားလာမှုရှိသောကြောင့် ဈေးကွက်ရှိသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ဒေသတွင်းစားသုံးမှုကို ဖူလုံအောင် ဆောင်ရွက်ပြီး ပို့လျှံသည်များကို နိုင်ငံတွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည့်အခွင့်အလမ်းများလည်း ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ အေးခဲအသားငါးများအပြင် နို့စားနွားမွေးမြူရေးလုပ်ငန်းမှ နို့နှင့် နို့ထွက်ပစ္စည်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသဖြင့် မိတ္ထီလာခရိုင်အတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းကို အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

မိတ္ထီလာခရိုင်အတွင်း ဥစားကြက်၊ အသားစားကြက်၊ ဒေသကြက်၊ နို့စားနွား၊ အသားစားနွား၊ ကျွဲနှင့် ဆိတ်များ မွေးမြူကြသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ်အသုံးပြု၍ စနစ်တကျ မွေးမြူဆောင်ရွက်မည်ဆိုပါက မွေးမြူရေးလုပ်ငန်းများသည်လည်း များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ရန် အတွက် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း တန်းစဉ်ကူးပြောင်းမှုအနေဖြင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သူငယ်တန်းတက်ရောက်သူ ၁၉၀၄၅၅ ဦး တက်ရောက်ခဲ့ပြီး မူလတန်းတက်ရောက်ချိန်တွင် ၁၆၆၆၉ ဦး၊ လျော့နည်းရာခိုင်နှုန်း ၁၂ ဒသမ ၄၈ ရာခိုင်နှုန်း၊ အလယ်တန်း တက်ရောက်ချိန်တွင် ၁၄၉၈၁ ဦး၊ လျော့နည်းရာခိုင်နှုန်း ၂၁ ဒသမ ၃၄ ရာခိုင်နှုန်း၊ အထက်တန်း (Grade – 10) တက်ရောက်ချိန်တွင် ၅၈၄၀ ဦး၊ လျော့နည်းရာခိုင်နှုန်း ၆၉ ဒသမ ၃၄ ရာခိုင်နှုန်း၊ အထက်တန်း (Grade – 12) တက်ရောက်ချိန်တွင် ၄၉၂၁ ဦး၊ လျော့နည်းရာခိုင်နှုန်း ၇၄ ဒသမ ၁၆ ရာခိုင်နှုန်းရှိခဲ့သဖြင့် တန်းစဉ်ကူးပြောင်းမှုများများစွာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့၏သားသမီးများ တန်းစဉ်ကူးပြောင်းမှုမြင့်မားစေရေး ပိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိတ္ထီလာခရိုင်အတွင်း တက္ကသိုလ်များ၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများအားလုံး ပြည့်စုံစွာရှိပြီး ဖြစ်သဖြင့် ပညာရေးနှင့်ပတ်သက်၍ အိုးမကွာအိမ်မကွာဖြင့် ပညာသင်ယူနိုင်မည့် အခြေအနေကောင်းကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ပညာရေးကို အားပေးမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် ပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း များစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ကွက်များရရှိရေးနှင့် ပတ်သက်၍ မိတ္ထီလာဒေသတွင် ဆည်များ၊ ချောင်းများရှိပြီးဖြစ်ပြီး “ဥတုရာသီတောကိုခွဲ” ဆိုသည့်အတိုင်း သစ်ပင်သစ်တောများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည်ဆိုပါက ဒေသတွင်းစိမ်းလန်းစိုပြည်မှုနှင့် စိုက်ပျိုးရေးရရှိရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသရှိဆည်များတွင် ရေဝေရေလဲဧရိယာများ၌ သစ်တောများနည်းပါးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရေဝေရေလဲသစ်တောများ စိုက်ပျိုးသွားမည်ဆိုပါက ရေများမပြတ်ရရှိအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ အလားတူစိုက်ပျိုးရေးလုပ်ကွက်များ ရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဖြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေရရှိရေးတွင် သဘာဝရေရရှိရေး၊ မိုးရေ မြေအောက်ရေ၊ ချောင်းရေများရှိပြီး မိတ္ထီလာဒေသနှင့် ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ရေလုံလောက်စွာ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း။

မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အချက်အချာကျသည့် နေရာဒေသတစ်ခုဖြစ်ပြီး သွားလာမှုများ လွယ်ကူချောမွေ့သည့်အခြေခံကောင်းများရှိကြောင်း၊ အလားတူ ပညာရေးနှင့်ပတ်သက်၍လည်း စာသင်ကျောင်းများ များစွာရှိပြီးဖြစ်သဖြင့် ပညာရေးအခြေခံကောင်းများရှိကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသတိုးတက်ရေးအတွက်ရှိပြီးသား အခြေခံကောင်းများကိုအသုံးချ၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုပါက မိတ္ထီလာဒေသသည် တိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတိယနိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်သည့် ဒေသခံများ၏ ကြိုးပမ်းအားထုတ်မှုသည်သာလျှင် အဓိကကျကြောင်း၊ မိမိတို့အနေဖြင့် လာမည့်အောက်တိုဘာလအတွင်း လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်အတွင်း လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးစား ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးကို အကြောင်းပြုပြီး မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိပါက မိမိတို့၏ တိုးတက်မှုများ နောက်ကျနေခဲ့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသရှိ ပြည်သူများအနေဖြင့် မိမိတို့တွင် ရှိပြီးသားဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိတ္ထီလာခရိုင်၏ ၂၀၂၃-၂၀၂၄ ခုနှစ် စပါးစိုက်ပျိုးမှုအပေါ် ကောက်ရိုးထွက်ရှိမှုနှင့် ကျွဲ၊ နွား ကျွေးမွေးနိုင်မှု အခြေအနေ

စဉ်	အကြောင်းအရာ	စပါးစိုက်ပျိုးမှု (ဧက)	စပါးရိတ်သိမ်းမှု (ဧက)	ကောက်ရိုးထွက်ရှိမှု (တန်) (တစ်ဧကက ၂ တန်)	ကောက်ရိုးထွက်ရှိမှု ဝိဿာ (သိန်းပေါင်း)	တိရစ္ဆာန်ကျွေးနိုင်မှု ကောင်ရေ(တစ်နှစ်)	
						ကျွဲ	နွား
၁	မိုးစပါး	၁၁၄,၂၅၇	၁၁၄,၂၅၇	၂၂၈,၅၁၄	၁,၄၀၀	၅၄,၇၉၄	၆၃,၉၂၇
၂	နွေစပါး	၉,၂၈၅	၉,၂၈၅	၁၈,၅၇၀	၁၁၄	၄,၅၆၂	၅,၂၀၅
	စုစုပေါင်း	၁၂၃,၅၄၂	၁၂၃,၅၄၂	၂၄၇,၀၈၄	၁,၅၁၄	၅၉,၂၅၆	၆၉,၁၃၂

မှတ်ချက်။ (၁) နွားတစ်ကောင်လျှင် တစ်ရက် ကောက်ရိုး (၆)ပိဿာနှုန်း ကျွေးပါသည်။
(၂) ကျွဲတစ်ကောင်လျှင် တစ်ရက် ကောက်ရိုး (၇) ပိဿာနှုန်း ကျွေးပါသည်။

မြဝတီမြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မြဝတီ ဇွန် ၁၅

ကရင်ပြည်နယ် မြဝတီမြို့၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်၊ လောက်လမ်းများ မပေါက်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းကို ယနေ့ နံနက် ၈ နာရီက အမှတ်(၄)ရပ်ကွက်၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၏ ဦးဆောင်မှုဖြင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများက အမှတ်(၄)ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ အိမ်ခန်းတန်းလျားတို့၌ တစ်အိမ်တက်ဆင်းဖြင့်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေး ဆွေးနွေးပြောကြားပေးပြီး ရေတွင်း၊ ရေကန်များ၊ ဘုရားပန်ဆိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်များ စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို စနစ်တကျ စုပေါင်းဆောင်ရွက်ပေးသည်။

ဧာဖြူဝင်း(မြဝတီ)



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကယားပြည်နယ်အတွင်း ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ကြိုးပမ်းနေသည့် PNLO အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်း၊ လွိုင်ကော်မြို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇွန် ၁၅

အေးချမ်းတည်ငြိမ်လျက်ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကယားပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် မိုးဖြဲ၊ ဖယ်ခုံ၊ လွိုင်ကော်၊ ဒီမော့ဆိုးမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်/စခန်းများအား PNLO အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အင်အားအလုံးအရင်းဖြင့် ဧန်နဝါရီ ၂၆ ရက်တွင် ဝင်ရောက်တိုက်ခိုက်ပြီး မြို့နှင့် အနီး ပတ်ဝန်းကျင်အတွင်း ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လူနေအိမ်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ဟိုပုံး–ဘန်းယဉ်–ဆီဆိုင်–လွိုင်ကော် လမ်းကြောင်းတစ်လျှောက်အား ပိတ်ဆို့၍ အဆိုပါ ဒေသအတွင်း အဖျက်အမှောင့်လုပ်ငန်းများအား အဆက်မပြတ် လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဒေသများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ခြေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation) ကို ဧန်နဝါရီ ၂၉ ရက်မှစ၍ အဆင့်ဆင့်ခြေကုပ်ယူ၍ဆောင်ရွက်ခဲ့ရာ ဆီဆိုင်–လွိုင်ကော် လမ်းကြောင်း (၄၂) မိုင်အား မေ ၂၉ ရက်တွင်ပြန်လည် တိုက်ခိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ (၈၇) ကြိမ် ဖြစ်ပွားခဲ့သည်။ ၎င်းမှ လွိုင်ကော်မြို့ လုံခြုံရေးနှင့် လေယာဉ်ကွင်းအား အဓိကနှောင့်ယှက်မှု ပြုလုပ်ခဲ့ရာ စက်မှုဇုန်နယ်မြေနှင့် နာနတ်တောရပ်ကွက်တို့အား ဇွန် ၁၄ ရက်တွင် ထပ်မံရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပြင်တစ်ဝိုက်သို့ ဆက်လက်ရှင်းလင်းဆဲဖြစ်ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းပြီးသည့်နေရာများသို့ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့သည့် မြို့၊ ရွာများအတွင်း အပျက်အစီးများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများ



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့ သိရှိမင်္ဂလာ(တောင်ကွဲ)စေတီတော်မြတ်၌ လုပ်အားပေးဆောင်ရွက်နေသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



လွိုင်ကော်မြို့၌ ယာယီစျေးဖြင့် ဖွင့်လှစ်ရောင်းချမှုကို တွေ့ရစဉ်။

အန္တရာယ်ကင်းရှင်းစေရန်အတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများကိုလည်း ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဦးဆောင်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ လွိုင်ကော်မြို့သည် ပုံမှန်အခြေအနေ အတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့် အတွက် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် စတင် သွားလာနေထိုင်လျက်ရှိကြရာ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့အတွင်း အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် သိရှိမင်္ဂလာ(ဗဟို)စျေးအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စျေးအတွင်း မီးလောင်ပျက်စီးခဲ့သည့် အဆောက်အဦများကို ဖယ်ရှားရှင်းလင်းခြင်း၊ ဒေသခံပြည်သူများ အဆင်ပြေစေရေးအတွက် ယာယီစျေး ဖွင့်လှစ်နိုင်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခြင်း၊ လွိုင်ကော်မြို့အတွင်းရှိ သိရှိမင်္ဂလာ(တောင်ကွဲ)စေတီ၊ မြို့နာမ်စေတီအပါအဝင် ဘုရားစေတီများ၊ တံတားများနှင့် လမ်းများအား သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းများ အပါအဝင် မြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများ အပါအဝင် တပ်ရင်း/တပ်ဖွဲ့မှ မိသားစုများ၊ ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက တပျော်တပါးလုပ်အား ပါဝင်ပေးခဲ့ကြသလို စေတနာရှင်များကလည်း လုပ်အားပေးအဖွဲ့များအား စားစရာနှင့် သောက်ရေသန့်များ လှုဒါန်းခဲ့ကြပြီး အဆိုပါလုပ်အားပေးအဖွဲ့များကို ကယားပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သတင်းဌာနအသီးသီးက သတင်းမှန်ဖြစ်ရပ်မှန်များ ထုတ်ပြန်နိုင်ရေး လိုအပ်

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ ကောင်စီဝင်များ လပတ်ပုံမှန်အစည်းအဝေး(၃/၂၀၂၄)ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) တက်ရောက်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် တတိယသက်တမ်းကာလအတွင်း သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ကောင်စီဝင်များက တက်ကြွစွာပါဝင်ဆောင်ရွက်နေသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ သတင်းမီဒီယာကောင်စီသည် မီဒီယာလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် သတင်းမီဒီယာ အဖွဲ့အစည်းများကို သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်တို့နှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ရန် ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သတင်းဌာနအသီးသီးက သတင်းမှန်ဖြစ်ရပ်မှန်များကို ထုတ်ပြန်နိုင်ရေး အထူးလိုအပ်ပါကြောင်း၊ သို့ရာတွင် တိုင်းပြည်အပေါ်သစ္စာမဲ့သည့် မီဒီယာများက ထုတ်ပြန်သည့် မဟုတ်မမှန် သတင်းမှားများက ပြည်သူလူထုနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ နစ်နာဆုံးရှုံးမှုကို ဖြစ်ပေါ်စေကြောင်း၊ ထိုအခြေအနေများကြောင့် ပြည်သူကို သတင်းမှန်သိရန်နှင့် သတင်းတုသတင်းမှားများကို ဝေဖန်စိစစ်နိုင်ရန်အတွက် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများကို မိမိတို့ သက်တမ်းကာလအတွင်း အကြိမ်များစွာဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊

ကောင်စီဝင်များ အနေဖြင့်လည်း သတင်းမီဒီယာနယ်ပယ်တွင် မိမိတို့တာဝန်ယူရသည့်ကဏ္ဍအလိုက် အတွေ့အကြုံရင့်ကျက်ပြီးသူများဖြစ်၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားရှိသလောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေ လိုကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ လက်ရှိတတိယသက်တမ်းကာလသည် မကြာမီကာလတွင် ကုန်ဆုံးတော့မည်ဖြစ်သော်လည်း နောင်ဆက်လက် တာဝန်ယူကြမည့် သက်တမ်းအတွက် မိမိတို့က စနစ်တကျ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာသည့် ကောင်စီဝင်များကလည်း အတွေ့အကြုံရှိကြသူများပီပီ မိမိတို့တာဝန်ယူနိုင်သည့် မီဒီယာလုပ်ငန်းများကို ကြိုးစားဆောင်ရွက်သွားကြရန်နှင့် ယနေ့ နိုင်ငံတော်၏ အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသိရှိအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကောင်စီဝင်များက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကစားသမား ၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး မြန်မာ့လက်ရွေးစင် လမ်းလျှောက်မယ် ဇင်မေထက်က ရွေတံဆိပ်ရခဲ့ခြင်း ဖြစ်သည်။

ငွေတံဆိပ်ရခဲ့သည့် မလေးရှား အားကစားသမားသည် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိခဲ့သူ ဖြစ်သည်။

ကိုယ်စားပြုယှဉ်ပြိုင်

အိမ်ရှင်မလေးရှားပြေးခုန်ပစ်အဖွဲ့သည် လက်ရွေးစင်ကစားသမားများ အပါအဝင်ကစားသမားအင်အား အများအပြားဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ကစားသမားများအနေဖြင့် မလေးရှားနိုင်ငံရှိ မြို့များ ကိုယ်စားပြု ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

မလေးရှား ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အာရှနိုင်ငံများအပြင် ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက် ရှိသည်။

ရွေတံဆိပ်ဆုရရှိ

မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် လမ်းလျှောက်ကစားသမား နှစ်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး မိတာ ၂၀၀၀၀ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ဇင်မေထက်က ရွေတံဆိပ်ဆုရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာပြေးခုန်ပစ် အဖွဲ့တွင် အုပ်ချုပ်/နည်းပြအဖြစ် ဦးထွန်းတင် (ဆီးဂိမ်းလမ်းလျှောက် ရွေတံဆိပ်ဆုရှင်ဟောင်း)၊ ကစားသမား များအဖြစ် ပြည့်ဖြိုးထွန်း နှင့် ဇင်မေထက်တို့ ပါဝင်ကြသည်။

အမျိုးသား မိတာ ၂၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲကို ဇွန် ၁၆ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကစားသမား ပြည့်ဖြိုးထွန်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ညီမြတ်သော်တာ
ဓာတ်ပုံ-ကိုထွန်း

ဥပုဿ်တသန္တိစေတီတော်မြတ်ကြီး ရွှေစင်ရွှေပြားကပ်လှူရေး ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၅

နေပြည်တော်ရှိ ဥပုဿ်တသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ ၃၄၅၅ စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူတော်နိုင်ရန် ဒုတိယအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဥပုဿ်တသန္တိစေတီတော်မြတ်ကြီး၏ သြဝါဒိစရိယ၊ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓမ္မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒာဘိဝံသ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များ ရွတ်ဖတ်သရဏဂုဟ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားသည်။

ယင်းနောက် ဝန်ကြီးဌာနများနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးများ(ယာယုံ)၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ ဥပုဿ်တသန္တိစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်၊ ပဓာနနာယက၊ အဘိဓမ္မဟာရဋ္ဌဂုရု သဒ္ဓမ္မဇောတိကဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာ တရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။



ယနေ့အထိ အလှူတော်ငွေ လက်ခံရရှိမှုအနေဖြင့် အလှူရှင် ၇၂ ဦးမှ ရွှေစင်ရွှေပြား အချပ် ၁၉၀ အတွက် အလှူတော်ငွေကျပ် ၅၀၁၃၈၆၀၀၀၊ ရွှေဆေးသင်္ကန်းတော်အတွက် ငွေကျပ် ၁၁၆၃၆၃၈၅၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀ ရရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တောင်သူများပူးပေါင်းပါဝင်ရွေးချယ်သော စပါးမျိုးသားဆက်လိုင်းများ ရွေးချယ်ခြင်းဆောင်ရွက်မှုနှင့် ရမည်းသင်းနှင့် ပျော်ဘွယ်မြို့များရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၅



တောင်သူများ ပူးပေါင်းပါဝင်ရွေးချယ်သော စပါးမျိုးသားဆက်လိုင်းများရွေးချယ်ခြင်း ဆောင်ရွက်မှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် တောင်သူ ဦးတင်အောင်ထွန်း၏ လယ်မြေ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် စိုက်ပျိုးရေး သုတေသနပညာရှင်များ တက်ရောက်၍ စပါးမျိုးသားဆက်လိုင်း ရွေးချယ်ခြင်း ဆိုင်ရာ နည်းပညာအဆင့်ဆင့်ကို ရှင်းလင်းပြသကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက တောင်သူကြီးများအတွက် လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များရရှိရေးနှင့် ကိုယ်တိုင်စနစ်တကျ ရှာဖွေလေ့လာနိုင်စေရေးအတွက် ယူကျူအပါအဝင် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုနည်းများကို စိုက်ပျိုးပညာပေး ဝန်ထမ်းများက မျှဝေပေးသွားရန် ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း အချို့တောင်သူကြီးများ ကျွမ်းကျင်စွာသုံးစွဲနေကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အဆိုပါ မီဒီယာများမှတစ်ဆင့် တောင်သူများအချင်းချင်း သတင်းအချက်အလက်များ ပြန်လည် မျှဝေရန်အတွက်လည်း အားလုံး ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် စီပင်စိုက်ပျိုးရေး သုတေသနခြံ၌ လယ်ယာကဏ္ဍဆိုင်ရာ ဒေသဝန်ထမ်းများနှင့် တွေ့ဆုံပြီး သီးနှံတစ်ခုစိုက်ပြီး နောက်သီးနှံတစ်ခု စိုက်ရန် စောင့်ဆိုင်းကာလ မြေလပ်ချိန်တွင် ရရှိလာသည့်မိုးရေကို အကျိုးရှိစွာ အသုံးချသည့်အနေဖြင့် သစ်စိမ်းစိုက်ပျိုးစေလိုကြောင်း၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် ပေါင်ကြီးတင်စနစ်ကဲ့သို့ စိုက်နည်းစနစ်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးလာစေရေး အထူးအလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် ဘုရားကြီးအုပ်စု ချင်းယားကုန်းကျေးရွာ၌ ပြုလုပ်သော ဆင်းရွှေကြာ - ၂ မျိုးထိန်းခြင်းနှင့် မျိုးဖြင့်တင်ရေး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်လုပ်ကိုင်သူများအား အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပ

မော်လမြိုင် ဇွန် ၁၅

မွန်ပြည်နယ် မော်လမြိုင်မြို့၌ အိမ်ခြံမြေ အကျိုးဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်လုပ်ကိုင်သူများအား အသိပညာမြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို ဇွန် ၁၅ ရက်က မော်လမြိုင်မြို့ရာမညဟိုတယ်၌ ကျင်းပရာ မွန်ပြည်နယ် အိမ်ခြံမြေအကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ ပြည်နယ်/ခရိုင်အဆင့် အိမ်ခြံမြေ အကျိုးတော်ဆောင်များနှင့် အဖိုးတန်သတ္တု (ရွှေ) ရောင်းဝယ်သူများ ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မွန်ပြည်နယ်ရှိ အိမ်ခြံမြေ အကျိုးတော်ဆောင်များနှင့် အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်နယ် အိမ်ခြံမြေ အကျိုးဆောင်များနှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက မွန်ပြည်နယ်အတွင်း အိမ်ခြံမြေ အကျိုးဆောင်များ အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ် လျှောက်ထားမှု ၁၀၀ အနက် ၅၂ ဦးအား အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားရှိပြီး ကျန်ရှိသည့် ၄၈ ဦးအား ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားရှိကြောင်း နှင့်အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားရှိပြီး ကျန်ရှိသည့် ၄၅ ဦးအား အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးထားရှိပြီး ကျန်ရှိသည့် ၄၅ ဦးအား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြထားရှိကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲဆောင်ရွက်ခြင်း၊ အာရှပစိဖိတ်ပူးတွဲအဖွဲ့သို့ တိုးတက်မှုအစီရင်ခံစာ (Post Obervation Period Report-POPR)ပေးပို့ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာများအား စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆုံးရှုံးနိုင်ခြေအန္တရာယ်ဆန်းစစ်မှုများ ပြုလုပ်နိုင်ရန်အတွက် သတင်းပို့အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များ တောင်းခံစစ်ဆေးခြင်းနှင့် အဆိုပါ စစ်ဆေးချက်များအရ Rating သတ်မှတ်၍ ဦးစားပေးစိစစ်ရန် လိုအပ်သည့် သတင်းပို့အဖွဲ့အစည်းစာရင်းကိုပြုစုပြီး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ယခု သင်တန်းတွင် ဆွေးနွေးမည့် သင်ခန်းစာများနှင့် ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ချက် နည်းလမ်းများကို သေချာမှတ်သားပြီး မိမိဖြို့နယ်များတွင် အကျိုးရှိရှိပြန်လည် အသုံးချသွားကြ စေလိုကြောင်း၊ သတင်းပို့ အဖွဲ့အစည်းများဖြစ်သည့် အားလျော်စွာ သံသယဖြစ်ဖွယ် သတင်းပေးပို့ချက်နှင့် သတ်မှတ်ငွေကြေးပမာဏထက် ကျော်လွန်သည့် သတင်းပေးပို့ချက်တို့ကို သတ်မှတ်နည်းလမ်းများအတိုင်း သတင်းပေးပို့စေလို ကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (နေပြည်တော်) လက်ထောက် ညွှန်ကြားရေးမှူး ဦးနန်းချစ်ဦးက ငွေကြေးခဝါချမှုကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က Video Conferencing စနစ်ဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ အသိပညာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး၊ ဦးမျိုးတင့်ဇော်က ငွေကြေးခဝါချမှု ပြုလုပ်ခြင်းနှင့် သက်ဆိုင်သည့်ပြစ်မှုများ၊ ထပ်မံဖြည့်စွက်သည့် ပြစ်မှုများ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေများ၊ ငွေကြေးဆိုင်ရာ အရေးယူ ဆောင်ရွက်ရေးအဖွဲ့ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲနှင့် ပတ်သက်၍ သိရှိလိုသူများက မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်း၊ ပြန်လှန်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

တစ်ခေတ်တစ်ခါက သမဝါယမစီမံကိန်းများ

မြင့်စိုး(နတလ)


ဆောင်းပါးခေါင်းစဉ်နှင့် စပ်လျဉ်း၍

ထိုခေတ်ထိုကာလကို မမီလိုက်၍ လှမ်းမျှော်ကြည့်မိသော တစ်ချိန်က သမဝါယမသမိုင်းကြောင်းများ၊ လုပ်ငန်းကဏ္ဍများ၊ ငယ်စဉ်ကလေးဘဝမှစ၍ ဖြတ်သန်းခဲ့ဖူးသော သမဝါယမပုံရိပ်များ၊ မမျော်လင့်ဘဲ လက်တွေ့ကိုယ်တိုင် ပါဝင်ထမ်းဆောင်ခွင့်ရလာသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒ လုပ်ငန်းစဉ်များအကြောင်းကို မိမိဉာဏ်မီသမျှ၊ တတ်စွမ်းသမျှ ရေးသားတင်ပြမည်ဟု ကြံရွယ်ချက်ဖြင့် ပထမဆုံးဆောင်းပါးကို တာလွတ်လိုက်သော အခါ ပေးလိုက်မိသောခေါင်းစဉ်က “ထို့ကြောင့် ဤအရာကို သမ/ကျေးလက်ဟု ခေါ်ပါသည်” ဟူ၍ ဖြစ်သွားခဲ့ချေပြီတမ်း။ နောက်ဆုံးမှ ရောက်လာမည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အကြောင်းကို ခေါင်းစဉ်တပ်ရခြင်း အကြောင်းရင်းက ကျွန်တော့်မှာ ခိုင်လုံစွာရှိနေပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန (နတလ)တည်းဟူသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ၂၃ နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ဝန်ထမ်းဘဝကို နှုတ်ဆက်ခဲ့ခွာရချိန်၌ “နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ ၂၈ နှစ်တာခရီး” စာအုပ်ကို ရေးသားပြုစု၍ အမှတ်တရ ထားရှိနိုင်ခဲ့ပါသည်။ ယခုလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သော အချိန်ကာလ တစ်ခုအတွက် အမှတ်တရစာအုပ်တစ်အုပ် ထားခဲ့ချင်ပါသည်။ ထိုသို့ ရေးသားထုတ်ဝေဖြစ်ခဲ့လျှင် ကျွန်တော်ပေးချင်သောခေါင်းစဉ်မှာ “ထို့ကြောင့် ဤအရာကို သမ/ ကျေးလက်ဟု ခေါ်ပါသည်” ဟူ၍။

သို့သော် ထိုစကားလုံးများ၏ မူလပိုင်ရှင်သည် ဆရာအောင်လင်း ဖြစ်ပါသည်။ သူ၏ဝတ္ထု “ထို့ကြောင့် ဤအရာကို အချစ်ဟုခေါ်သည်” ကို ရုပ်ရှင်ဇာတ်ကားကြီးလည်း ပြန်၍ ရိုက်ခဲ့ဖူး၏။ ကျွန်တော်ငယ်စဉ်ကပင် နှစ်သက်သဘောကျခဲ့သော စကားစုများဖြစ်၍ မကြာခဏ ငှားယူသုံးဖူးပါသည်။ ယခုလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအတွက် ကျွန်တော်သုံးခဲ့မိပြန်ပါပြီ။ ခွင့်ပြုတော်မူကြပါကုန် ဆရာအောင်လင်း၏ မိသားစုများခင်ဗျား။

ဆိုးမွေ၊ ကောင်းမွေနှင့် ကျွန်တော့်ခံယူချက်

မည်သည့်အဖွဲ့အစည်း၊ မည်သည့်ဌာန၊ မည်သည့်လုပ်ငန်းမှာမဆို အဆင့်ဆင့်တာဝန်လွှဲပြောင်းပေးရတာတွေ၊ ယူရတာတွေရှိခဲ့ပါသည်။



ဧရာ ဌာနအုပ်ချုပ်ရေးကာလက ဗာစီတီကွန်ကိုး သမဝါယမအသင်း၏ သင်းလုံးကျွတ်အစည်းအဝေး ကျင်းပနေပုံ။

◎ ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်း၏ ထူးခြားသော ဝိသေသလေးခုမှာ (က) မြန်မာနိုင်ငံတွင် ယခင်ခေတ်ဟောင်းက ပြုလုပ်ခဲ့သည့် သမဝါယမစီမံကိန်းများနှင့် မတူခြင်း၊ (ခ)ယခုစီမံကိန်းအရ ဖွဲ့စည်းမည့် သမဝါယမအသင်းများသည် ယခင်ခေတ်ဟောင်းက ဖွဲ့စည်းခဲ့သည့် အသင်းများနှင့်မတူခြင်း၊ (ဂ) အရင်းရှင်နိုင်ငံများရှိ သမဝါယမအသင်းများနှင့်မတူခြင်း၊ (ဃ) ဆိုရှယ်လစ်နိုင်ငံများရှိ သမဝါယမအသင်းများနှင့်လည်း မတူခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့ ထူးခြားသော လက္ခဏာရပ်များနှင့် သတ်မှတ်ပြဋ္ဌာန်းထားသော စီမံကိန်းသည်ပင်လျှင် သမဝါယမအသင်းများအကြား ကိုယ်ကျိုးရှာမှု၊ မသမာမှု၊ စည်းကမ်းဖောက်ဖျက်မှုများကြောင့် အားနည်းချက်များရှိခဲ့ကြောင်း သိရသည်

ကိုယ်တာဝန်ယူရတော့မှ အရာရာကို အကောင်းတွေချည်းလိုချင်လို့၊ ဖြစ်ချင်လို့ မရနိုင်ပါ။ ကောင်းတာတွေလည်းရမည်၊ ဆိုးတာတွေလည်းပါလာနိုင်သည်။ ဤမည်သော ဆိုးမွေ၊ ကောင်းမွေကို ဆက်ခံကြရမည်မှာ လောကနိယာမ မဟုတ်ခဲ့လျှင်တောင်မှ လိုက်နာကျင့်သုံးရမည့် လူ့ကျင့်ဝတ်တစ်ခုအဖြစ် ကျွန်တော်မှတ်ယူထားပါသည်။ သည်အတွက် တပ်မတော်သားဘဝမှာရော နယ်ဘက်ဝန်ထမ်းဘဝမှာပါ ဤခံယူချက်အတိုင်း ကျင့်သုံးခဲ့သည်။



လုပ်သားအားမာန် ရက်ကန်းစက်မှုလက်မှုသမဝါယမအသင်း လိမိတက်။

သွားလေသူများကို အပြစ်ဖို့ခြင်း၊ အပြစ်တင်ခြင်း အလုပ်များကို ကျွန်တော်မလုပ်ခဲ့ပါ။ မိမိတို့လက်ထက်တွင် အကောင်းဆုံးဖြစ်နိုင်သမျှ ဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်သွားကြရန်၊ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် သည်လိုပဲ ခံယူထားပါသည်။ သို့သော် သမိုင်းထဲက သင်ခန်းစာတွေကိုတော့ ယူရမည်။ သူတို့ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကိုလည်း သိမှတ်နားလည်ထားဖို့ လိုပါလိမ့်မည်။ သို့ဖြစ်လေရာ ကျွန်တော်ရေးမည့် အကြောင်းအရာများသည် သမဝါယမအကြောင်း အကောင်းတွေချည်း ရေးလိမ့်မည်ဟု မမှတ်ယူစေလိုပါ။ ခေတ်အဆက်ဆက် ဖြတ်သန်းလာသူတို့၏ အတွေ့အကြုံ၊ အတွေးအခေါ် အယူအဆများကိုလည်း ရေးသားတင်ပြသွားမည်ဖြစ်သကဲ့သို့ သမဝါယမစနစ်ကျင့်သုံးခဲ့သော ခေတ်ကာလ အပိုင်းအခြားအလိုက် အားသာချက်၊ အားနည်းချက်များကိုလည်း လေ့လာဖော်ပြသွားမည်ဖြစ်ပါသည်။ ထို့ပြင်တဝ အခြားသောနိုင်ငံများ၏ သမဝါယမစနစ်များ၊ အောင်မြင်နေသော သမဝါယမအသင်းများကိုလည်း အတုယူအားကျဖွယ်ရာအဖြစ် ရေးသားတင်ပြသွားပါမည်။

လူသိများထင်ရှားသော သမဝါယမစီမံကိန်းများ

၁၉၀၅-၁၉၀၆ ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့သော သမဝါယမအသင်းများသည် ၁၉၂၀-၁၉၂၁ နှစ်များအထိ အားကောင်းမောင်းသန် ဖြစ်ပေါ်တိုးတက်မှုများပြားလာကြောင်း တွေ့ရသည်။ သမဝါယမဝါကြိတ်စက်တွေ၊ ဆန်စက်တွေ အောင်မြင်ဖြစ်ထွန်းခဲ့သည်။ “နယ်သစ်ဖွင့် သမဝါယမအသင်းများ” အမည်ဖြင့် မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးခဲ့ကြသည်။ စူးအက်တူးမြောင်း ဖွင့်လှစ်ပြီးနောက် မြန်မာ့ပို့ကုန်များ မြင့်တက်လာသည်။ ၁၉၁၆ မှ ၁၉၂၀ ပြည့်နှစ်အတွင်း သမဝါယမအသင်းပေါင်း ၃၃၁၉ သင်း၊ ခရိုင်အဆင့် သမဝါယမအသင်း ၁၈ သင်း၊ သမဝါယမဘဏ်ငါးခုတို့ ဖွဲ့စည်းနိုင်သည့် အပြင် မြို့မငွေစုငွေချေး သမဝါယမအသင်းများအား စုပေါင်းဖွဲ့စည်းထားသော “မြို့မဗဟိုဘဏ်”ကို ထူထောင်နိုင်ပြီး မြန်မာ့နိုင်ငံရေး သမိုင်းစာမျက်နှာများထဲမှ လှိုင်၊ ပု၊ ကျော် အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးထွန်းအောင်ကျော်ကိုယ်တိုင် ဗဟိုဘဏ်ကို ကြီးကြပ်အုပ်ချုပ်ခဲ့ကြောင်း သိရသည်။ ၁၉၂၃ ခုနှစ်တွင် ပြဋ္ဌာန်းသော ခိုင်အာခီအုပ်ချုပ်ရေးစနစ်တွင်လည်း သမဝါယမအသင်းများ ဖွဲ့ဖြိုးတိုးတက်လာကာ ၁၉၂၃ နှင့် ၁၉၂၅ ကာလအတွင်း သမဝါယမအသင်းများသည် အောင်မြင်မှုအဖြင့်မားဆုံးအထိ ရောက်ရှိခဲ့ကြကြောင်း၊ ကိုလိုနီခေတ် မြန်မာနိုင်ငံ၏ သမဝါယမအသင်းအရေအတွက်နှင့် အသင်းသားဦးရေ အများဆုံးနှစ်သည် ၁၉၂၄ ခုနှစ်ဖြစ်ကြောင်း၊ ၁၉၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ရှိ စာရင်းဇယားများအရ အမျိုးမျိုးသော သမဝါယမအသင်း ၅၅၆၃ သင်း၊ အသင်းသားဦးရေ ၁၅၆၈၀၃ ဦးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့သော် ၁၉၂၅ ခုနှစ်တွင် သမဝါယမအသင်းများ၏ လုပ်ငန်းအခြေအနေများ လျော့နည်းပြီး မတည်မငြိမ်ဖြစ်လာခဲ့သည်။ အကြောင်းရင်းကို ရှာကြသော အခါ သမဝါယမအသင်းသားများသည် သက်ဆိုင်ရာ သမဝါယမအသင်းများသို့ ချေးငွေများ ပြန်မဆပ်ကြခြင်း၊ အသင်းသားများက ကြွေးဆပ်ရန် ပျက်ကွက်သဖြင့် အသင်းများအနေဖြင့်လည်း သက်ဆိုင်ရာ ဗဟိုဘဏ်များသို့ ပြန်လည်ပေးဆပ်ခြင်း မပြုနိုင်တော့ခြင်းများ ဖြစ်ပေါ်တွေ့ရှိလာရသည်။ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သော အသင်းများအား စာရင်းရှင်းလင်း ဖျက်သိမ်းခဲ့ရသည်။ ၁၉၁၂ ခုနှစ် သမဝါယမအသင်းများဆိုင်ရာ အက်ဥပဒေဖြင့် အရေးယူနိုင်ရေးပြင်ဆင်ရန် ဆောင်ရွက်ခဲ့ရပြီး ၁၉၂၇ ခုနှစ် သမဝါယမအသင်းများဆိုင်ရာ အက်ဥပဒေကို ထုတ်ပြန်ပေးခဲ့သည်။ ၁၉၁၄ နှင့် ၁၉၁၂ ဥပဒေများသည် အိန္ဒိယဗဟိုအစိုးရက ထုတ်ပြန်ခြင်းဖြစ်ပြီး ၁၉၂၇ သမဝါယမအက်ဥပဒေကမူ မြန်မာပြည် ဥပဒေပြကောင်စီက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဦးတင်ကြီး၏ ပြုပြင်ရေးစီမံကိန်း

၁၉၃၀ ပြည့်နှစ်တွင် ကမ္ဘာ့စီးပွားရေး ပျက်ကပ်ဖြင့် ကြုံရသည်။ မြန်မာနိုင်ငံ ပြည်သူများနှင့် တောင်သူလယ်သမား၊ အလုပ်သမားများ ပြင်းထန်စွာ ခံစားခဲ့ကြရသည်။ စပါးတစ်တောင်း ငါးပဲ၊ ကုလားခေါင်းဝေအထိဖြစ်ခဲ့ရပြီး သာယာဝတီနယ်တွင် ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာခဲ့သည်။ ယင်းကာလအခြေအနေများကို ကျော်လွှားနိုင်ရေးအတွက် ၁၉၃၅ ခုနှစ်တွင် မြေစာရင်းဌာနမှ ဦးတင်ကြီးအား သမဝါယမမင်းကြီးအဖြစ် ခေါ်ယူခန့်ထားတာဝန်ပေးခဲ့သည်။ ဦးတင်ကြီး၏ ပြုပြင်ရေးစီမံကိန်းပေါ်ပေါက်လာခဲ့သည်။ ငွေစုငွေချေး လုပ်ငန်းနှင့် စုပေါင်းရောင်းဝယ်ရေးလုပ်ငန်းကို

စာမျက်နှာ ၁၁ သို့

မင်းဘူးမြို့နယ် သားမွေးချောင်း(နွားကူးရိုး)တစ်လျှောက် ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မင်းဘူး ဇွန် ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ သားမွေးချောင်း(နွားကူးရိုး)တစ်လျှောက် ဘေး၀/ယာရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးမြေများ၊ လူနေအိမ်၊ ရပ်ကွက်များနှင့် မင်းဘူး-စကုကားလမ်းမကြီးမှ မိုးတွင်းကာလ ရေကြီးရေလျှံမှုများ လျော့နည်းသက်သာစေရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေများဖြင့် ချောင်းရိုးတူးဖော်ခြင်း၊ တာပေါင်းဖြိုခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ် အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်/မြောင်း)မှ သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေများဖြင့် မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်ပြီး အဆိုပါ ချောင်းရိုးတစ်လျှောက် စက်ယန္တရားများဖြင့် တူးဖော်ပြုပြင်ခြင်းနှင့် ပေါင်ဆင့်ခြင်း၊ ရေဆိုးထုတ်မြောင်း ဆောင်ရွက်ခြင်း၊ ဒေါ်ခွန်းပင်းတားဘေးတွင် ပေ ၂၀ အကျယ်(၅၀၀ x ၇ ပေ) အရွယ်အစားရှိ ရေတံခါး လေးပေါက်ပါရှိသော ဒေါ်ခွန်းရေတံခါးအသစ်တစ်ခု တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို ဦးစွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၇၀ ဖြင့် စကုမြို့ ခ.လ.ရ(၁၀) အတွင်း၌(၄၀ x ၁၄) ပေရှိ သံကူကွန်ကရစ်တံတား



တစ်စင်း တည်ဆောက်ခြင်း၊ ဆက်လက်ပြီး တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ(သာမန်)မှ ထပ်မံခွင့်ပြုသည့် လုပ်ငန်းငါးခုအတွက် ညောင်ကိုင်းတံတားအနီး ရေလွှဲချောင်းတူးဖော်ခြင်းနှင့် ယင်းတူးဖော်မှုကို မြေယာလျော်ကြေးငွေပေးချေခြင်း လုပ်ငန်းကို ခွင့်ပြုငွေကျပ် ၁၉ ဒသမ ၁၄ သန်း၊ (၅၂ ပေ x ၁၀၀ပေ)ရှိ ညောင်ကိုင်းသစ်သားတံတား တည်ဆောက်ခြင်းကို ခွင့်ပြုငွေကျပ် သန်း ၃၇ ဒသမ ၅၀၊ ပေတိုင် ၁၀၉၅၀ မှ ၁၆၀၀၀ အထိ တာပေါင်ဖြိုခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၃၅ ဒသမ ၃၃ သန်း၊ စကု-ဆင်ခေါင်းကားလမ်းတံတား ၀/ယာရှိ ရေဆိုးထုတ်မြောင်းများမှရေများ ချောင်းအတွင်းသို့ လျင်မြန်စွာ စီးဆင်းနိုင်စေရန် (၆ ပေ x ၄ပေ)ရှိ Spill-in နှစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို ခွင့်ပြုငွေကျပ် ၇ ဒသမ ၀၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်/မြောင်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်က ပြောသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး၀န်ကြီးချုပ် ဦးတင့်လွင်နှင့် ၀န်ကြီးများ၊ ဌာနဆိုင်ရာတာ၀န်ရှိသူများက ဇွန် ၁၃ ရက်တွင် သွားရောက်ကွင်းဆင်းကြည့်ရှုပြီး တာ၀န်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး၀န်ကြီးချုပ်က လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ထပ်မံဆောင်ရွက်ရန် ကျန်ရှိသည့် တာပေါင်ဖြိုခြင်းလုပ်ငန်းနှင့် Flap Gate Structure လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။ **(၁၀၇)**

စကုမြို့ရှိ သားမွေးချောင်း(နွားကူးရိုး)သည် စကုမြို့အနောက်ဘက် တစ်မိုင်ခန့်အကွာ လက်ခုပ်ပင်ကျေးရွာအနီးမှ ချောင်းဖျားခံ၍ စတင်စီးဆင်းလာကာ ချောင်းတစ်လျှောက်တွင် ပင်းတားတစ်ခု၊ တံတားကိုးခု၊ စကုမြို့ပေါ်ရပ်ကွက် နှစ်ခု၊ ဘေလုံးကွင်း၊ ဆေးရုံ၊ စကု ခ.လ.ရ(၁၀)တို့အပါအဝင် ချောင်းအပေါ်ပိုင်ရှိ ကျေးရွာသုံးရွာ၊ ချောင်းအောက်ပိုင်းရှိ ကျေးရွာနှစ်ရွာတို့ကို ဖြတ်သန်းစီးဆင်းပြီး ချောင်းအစအဆုံး အရှည်ပေ ၃၈၁၀၀ ဖြင့် စကုမန်းချောင်းထဲသို့ စီး၀င်သော ချောင်းရိုးတစ်ခုဖြစ်ကြောင်း၊ ယခု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိုးတွင်းကာလတွင် ချောင်းဘေး၀ဲ/ယာ တစ်လျှောက်ရှိ စိုက်ပျိုးမြေ ၎က ၂၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ စကုမြို့ပေါ်ရှိ မြေနိမ့်ပိုင်းမှ လူနေအိမ်နှင့် ရပ်ကွက်များ၊ စကုမြို့ပြည်သူ့ဆေးရုံ၊ ပြည်သူ့အားကစားကွင်း၊ စကုမြို့အမှတ်(၁၀) ခြေလျင်တံတားအတွင်းရှိ အိမ်ဆောင်များနှင့် ချောင်းအောက်ပိုင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ ရေကြီးရေလျှံမှုမှ လျော့နည်းသက်သာစေမည့်အပြင် မင်းဘူး-စကု ကားလမ်းမကြီးတွင် လည်း ရေကြီးရေလျှံမှုမှကင်းဝေးပြီး မင်းဘူး၊ စကု၊ ပွင့်ဖြူ။ စလင်းမြို့နယ်များသို့ ဖြတ်သန်းသွားလာသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။**မောင်မောင်(မင်းဘူး)**

စာမျက်နှာ ၁၀ မှ

ခိုင်မာအောင်ပြုလုပ်ခဲ့သည်။ သီးနှံပေး ကာလတို ချေးငွေ၊ ကာလရှည်ချေးငွေ၊ အငှားဝယ်စာရွက်စာချေးငွေသတ်မှတ်ချက်များပေါ်ပေါက်လာပြီး အစိုးရအရာရှိများကိုယ်တိုင် ကြပ်မတ်စိစစ်ထုတ်ချေးသောကြောင့် ချေးငွေလုံခြုံမှုစနစ် ပိုကောင်းလာခဲ့သည်။ သမဝါယမအသင်းသစ်များ ဖွဲ့စည်းခြင်း၊ အသင်းဟောင်းများ ပြုပြင်ခြင်းနည်းများကို ကျင့်သုံးခဲ့သည်။ ကျဆင်းနေသော သမဝါယမပုံရိပ်များကို ပြန်လည်ကောင်းမွန်လာစေခဲ့သည်။ ဇာ ဌာန အုပ်ချုပ်ရေးကာလတွင် ဗာစီတီကွန်ကိုး (Varsity Con Co)ဟု သမိုင်းတွင်လာမည့် တက္ကသိုလ် သမဝါယမအသင်းကို ဖွဲ့စည်းနိုင်ခဲ့ပြီး အမှုဆောင်အဖွဲ့တွင် သခင်နု၏ ပထမ ဥက္ကဋ္ဌ၊ ဦးကျော်ငြိမ်းက ဒုတိယဥက္ကဋ္ဌ ဦးထွန်းအုန်က မန်နေဂျင်စက္ကရီတေရီအဖြစ် တာ၀န်ယူကြကြောင်း သိရသည်။

ဆိုရှယ်တိုဗီလာစီမံကိန်းနှင့် သမဝါယမ ငါးနှစ်စီမံကိန်း

ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကို ခံခဲ့ရပြီး ပြာဖြစ်ခဲ့ရသော မြန်မာပြည်အနေဖြင့် စီးပွားရေးအရ အမြန်ဆုံး ပြန်လည်နာလန်ထူဖို့ရာ သမဝါယမစနစ်သည်သာ အသင့်တော်ဆုံးဖြစ်ကြောင်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အထူးယုံကြည်မှတ်ယူထားသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် မေလတွင် ရန်ကုန်မြို့ ပြည်လမ်း (ဟံသာဝတီအပိုင်း) အနီးရှိ ဆိုရှန်တိုဗီလာ အဆောက်အအုံတွင် ကျင်းပသော စီးပွားရေးပြန်လည်ထူထောင်မှုကွန်ဖရင့်၌ Con – Cos Scheme (ခ) နှစ်တိုစီးပွားရေးစီမံကိန်းနှင့် သမဝါယမကို အားပြုပြီး တိုင်းပြည်စီးပွားရေး ပြန်လည်ထူထောင်လာဖို့ ကြိုးပမ်းအားထုတ်ခဲ့သည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးရပြီးသည့်အချိန်အထိ ကွန်ကိုးအသင်းပေါင်း ၇၀၀၀ ကျော်ဖြင့် စစ်ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးခဲ့ကြသည်။ အဆိုပါ အောင်မြင်မှု၏ နောက်ဆက်တွဲရလဒ်အဖြစ် ၁၉၅၁ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားသမဝါယမအစည်းအဝေးကြီးကို ရန်ကုန်မြို့ တော်ခန်းမ၌ ကျင်းပပြုလုပ်ကာ သမဝါယမ ငါးနှစ်စီမံကိန်းကို ရေးဆွဲအတည်ပြုခဲ့ကြသည်။ ၁၉၅၁ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေး၀န်ကြီးဌာနကို ဖွဲ့စည်းပြီး ဦးကျော်ငြိမ်းက ပထမဆုံး၀န်ကြီး ဖြစ်လာခဲ့သည်။ ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံတော်သမဝါယမ သင်တန်းကျောင်းကို ဖွင့်လှစ်ပြီး သမဝါယမ ပညာရေးစနစ်ကို အားပေးမြှင့်တင်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမကောင်စီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည်။ ၎င်းပြင် ၁၉၅၆ ခုနှစ် သမဝါယမအသင်းများ အက်ဥပဒေကို ပြဋ္ဌာန်းပြီး ယင်းဥပဒေအရ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း(လလသသ)များ ပေါ်ထွက်လာခဲ့သည်။ လလသသ ဆိုင်ရာမည်သည် ကျွန်တော်တို့ ကလေးဘဝကတည်းက ရင်းနှီးကျွမ်းဝင်ရှိခဲ့သော အမည်ဖြစ်၏။ ယနေ့ထက်တိုင် မမေ့ခဲ့ပါ။

၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်း

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပြီးနောက် သမဝါယမသည် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ ဒုတိယမဏ္ဍိုင်အဖြစ် ရပ်တည်လာခဲ့သည်။ ၁၉၇၀ ပြည့်နှစ် မေလ ၅ ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် ၁၉၇၀ ပြည့်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေနှင့်အညီ သမဝါယမစီမံကိန်းအောင်မြင်ရေးသည် အဓိကဆိုသော ကြွေးကြော်သံဖြင့် ရပ်တည်ဆောင်ရွက်ခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ် သမဝါယမစီမံကိန်း၏ ထူးခြားသော ဝိသေသလေးခုမှာ (က) မြန်မာနိုင်ငံတွင် ယခင်ခေတ်ဟောင်းက ပြုလုပ်ခဲ့သည့် သမဝါယမစီမံကိန်းများနှင့် မတူခြင်း၊ (ခ) ယခုစီမံကိန်းအရ ဖွဲ့စည်းမည့် သမဝါယမအသင်းများသည် ယခင်ခေတ်ဟောင်းက ဖွဲ့စည်းခဲ့သည့် အသင်းများနှင့်မတူခြင်း၊ (ဂ) အရင်းရှင်နိုင်ငံများရှိ သမဝါယမအသင်းများနှင့်မတူခြင်း၊ (ဃ) ဆိုရှယ်လစ်နိုင်ငံများရှိ သမဝါယမအသင်းများနှင့်လည်း မတူခြင်းတို့ဖြစ်သည်။ ထိုကဲ့သို့ ထူးခြားသော လက္ခဏာရပ်များနှင့် သတ်မှတ်ပြဋ္ဌာန်းထားသော စီမံကိန်းသည်ပင်လျှင် သမဝါယမအသင်းများအကြား ကိုယ်ကျိုးရှာမှု၊ မသမာမှု၊ စည်းကမ်းဖောက်ဖျက်မှုများကြောင့် အားနည်းချက်များ ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသမဝါယမအသင်းများ၏ အားနည်းချက်များ

ဤအားနည်းချက်များသည် ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသော အခြေအနေများအပေါ် သုံးသပ်၍ သမဝါယမပညာရှင်များ၊ လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူများက ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ ယင်းအားနည်းချက်များ(သို့မဟုတ်) မြန်မာနိုင်ငံ သမဝါယမအသင်းများ၏ ပျက်စီးရသော အကြောင်းရင်းများမှာ သမဝါယမအသင်းသားများအား ပညာပေးမှုကင်းမဲ့ခြင်း၊ သမဝါယမအသင်းများကို အလျင်စလို ဖွဲ့ခြင်း၊ ခိုင်မြဲခြင်းမရှိသည့်လုပ်ငန်းများ တိုးချဲ့ခြင်း၊ သမဝါယမဌာနဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းများ နိုင်နိုင်နင်းနင်းမရှိခြင်း၊ ချေးငွေပေးဆပ်နိုင်မှု ရှိ/ မရှိ လေ့လာသုံးသပ်မှုအားနည်းခြင်း၊ ငွေများထုတ်ချေးရာတွင် သတိကင်းမဲ့ခြင်း၊ အသင်းဝင်ဖြစ်ထိုက်သော အင်္ဂါရပ်နှင့် မပြည့်စုံသူများအား အသင်းဝင်ခွင့်ပြုခြင်း၊ ငွေချေးထိုက်သည့် အင်္ဂါရပ်နှင့်မညီသူများအား ငွေချေးခြင်း၊ ပေးဆပ်ရန်ရှိသော ချေးငွေအတိုးအရင်း အားလုံးကို မှန်ကန်တိကျစွာ ပြန်လည်မပေးဆပ်ခြင်း၊ အသင်းသားများထံမှ ချေးငွေကြွေးများ တောင်းခံရာ၌ ထိထိရောက်ရောက် မဆောင်ရွက်ခြင်း၊ အကျိုးဆောင်လုပ်ငန်းများကို အားထားခြင်း၊ ကာလတိုပြန်ဆပ်ရမည့်ငွေများကို လက်ခံ၍ အသင်းသားများအား နှစ်ရှည်ချေးငွေအဖြစ် ထုတ်ချေးခြင်း၊ သမဝါယမအသင်းသားများ၏ ဒေသဆိုင်ရာ ခေါင်းဆောင်မှု ညံ့ဖျင်းခြင်း၊ အသင်းသားများ မရိုးဖြောင့်ခြင်းနှင့် သစ္စာမရှိခြင်း၊ သမဝါယမဌာနဆိုင်ရာ ဝန်ထမ်းများ ပြည့်စုံလုံလောက်စွာမရှိခြင်း၊ အစိုးရ၏ သမဝါယမမူဝါဒ ပြတ်သားမှုမရှိခြင်း၊ ဆရာစံအရေးတော်ပုံပေါ်ပေါက်လာမှုနှင့်အတူ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ မတည်မငြိမ်ဖြစ်နေခဲ့ခြင်းတို့ ဖြစ်ပါသည်။

သမဝါယမလောကသားများ၏ သုံးသပ်တွေ့ရှိ အကြံပြုချက်များ

သမဝါယမကို အကြောင်းပြု၍ ပုဂ္ဂလိက ကိုယ်ကျိုးရှာမှုများသည် သမဝါယမအသင်းများအတွက် အကြီးမားဆုံးအန္တရာယ်ဖြစ်ကြောင်း၊ လူတိုင်းစီးပွားရေးကောင်းပြီး ကိုယ်ကျင့်တရားလည်း ကောင်းလာရမည်ဆိုသော မျှော်မှန်းချက်နှင့် တည်ဆောက်ခဲ့ကြသည့် ဆိုရှယ်လစ်စနစ်၏ ဒုတိယမဏ္ဍိုင်ခေတ်မှာလည်း အမှားများနှင့် မကင်းနိုင်ခဲ့ကြကြောင်း၊ စီမံခန့်ခွဲအုပ်ချုပ်မှု၌ အရည်အချင်းမပြည့်ဝခြင်းနှင့် လုံလောက်မှုကင်းမဲ့ခြင်းတို့သည်လည်း သမဝါယမစနစ်ကို ကျဆုံးစေသော အဓိကအကြောင်းရင်းများထဲက တစ်ခုဖြစ်ကြောင်း၊ သမဝါယမလုပ်ငန်းများအတွက် တာ၀န်ပေးမည် ဆိုလျှင် လူကောင်းရဲ့ဖြင့် မလုံလောက်သေး၊ အလုပ်တွင်လည်း တော်သည့်တတ်သည့် လူတော်များဖြစ်ရန် လိုအပ်ကြောင်း၊ သမဝါယမအသင်းများ ပျက်စီးရသော အကြောင်းရင်းများထဲ၌ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော အစည်းအဝေးများသည်လည်း ထိပ်ဆုံးက ပါဝင်နေကြောင်း၊ အစည်းအဝေးတွင် တင်ပြသည့် အစီရင်ခံစာ၊ စာရင်းရှင်းတမ်းများသည် အချက်ကျကျ ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသားနှင့် တိကျသေချာသော ကိန်းဂဏန်းများဖြစ်ရန် လိုအပ်ကြောင်းကို တစ်ချိန်က သမဝါယမလောကတွင် နှစ်ပေါင်းများစွာ တာ၀န်ထမ်းဆောင်သွားခဲ့ကြသည့် သမဝါယမလောကသားများက သုံးသပ်အကြံပြုထားကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ။

ဘားအံတက္ကသိုလ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ဘားအံ ဇွန် ၁၅

ကရင်ပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံတက္ကသိုလ်ကျောင်းသူလေးများက ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့ တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ စာအုပ်စာပေဖတ်ရှုခြင်း၊ စာကြည့်တိုက်များသို့ သွားရောက်၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများရှိနေမှသာ နောင်အသက်အရွယ်ရလာသည့်အချိန်တွင် စာဖတ်သည့်ဓလေ့များ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ စာဖတ်သည့် ဓလေ့စရိုက်ထွန်းကားပြီး စာကြည့်တိုက်များသို့သွားရောက်၍ စာပေဖတ်ရှုခြင်းမှသည် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုလည်း ထွန်းကားပြီး စာဖတ်ရှုနိုးဆွတ်မြှင့်မားခြင်းမှသည် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေမည် Video Clip အား အတူတကွကြည့်ရှုခဲ့ကြပြီး ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထိပ်တင်ဟန်က စာဖတ်ခြင်းနှင့်ဘဝပညာ၊ ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာရေးဆရာဦးသန်းအောင် (မောင်လူဝိုင်း)က စာဖတ်ခြင်းအနေပညာ ခေါင်းစဉ်များဖြင့် စာဖတ်ရှုနိုးဆွတ်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်းကို ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှုနိုးဆွတ်မြှင့်တင်ရေး ဟောပြောဆွေးနွေးပေးကြသူများကို အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးဆွတ်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်လာသော ဘားအံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားသည်။ (၀ပို့)

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်ကျင်းပြသထားသော သုတ၊ရသစာအုပ်စာစောင်များ၊ ဝင်းဝင်းစာပေ၊ ငွေတောင်စာပေနှင့် ဆန်းမိုးအောင်စာပေတို့မှ ခင်းကျင်းပြသရောင်းချသော စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပညာရပ်စာအုပ်များနှင့် သုတ၊ ရသ စာအုပ်ပေါင်း ၂၉၈၉ အုပ်ရှိသော ဘားအံတက္ကသိုလ်စာကြည့်တိုက်သို့ သွားရောက်၍ ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းရေးသွင်းပြီး စာအုပ်၊ စာစောင်များနှင့် စာဖတ်၊ စာငှားနေမှုအခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ကို အသုံးပြုနေမှုအခြေအနေများ၊ ကွန်ပျူတာခန်းနှင့် စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ စာကြည့်တိုက်သို့ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို ပါမောက္ခချုပ်ဒေါက်တာစိုးစိုးအေးထံ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ဇွန် ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမကြီး ၁၂ လုံးတန်း လမ်းဆုံမီးပွိုင့်အနီး၌ "၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် လူတိုင်းပါဝင်ဖို့" ဓမြေစိုက်ပုံစတာကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသဃ်နိုးကျွန်းခရိုင်မှူး ဦးသက်ခိုင်၊ ရန်ကင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမင်းဝင်းလတ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်ပေးပြီး ပုံစတာများကို တာဝန်ရှိသူများထံ ပေးအပ်စဉ်။ လှလှထွေး(ပြန်/ဆက်)

ပန်းလောင်မြစ်အတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်ပေး

မန္တလေး ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြစ်သားမြို့နယ် နွားကူးကြီးကျေးရွာအုပ်စု၊ ရေအေးဆိပ်ကျေးရွာ ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း ကို ဇွန် ၁၃ ရက်က ကျင်းပသည်။ အခမ်းအနားသို့ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေခိုင်နှင့်ဌာနဆိုင်ရာများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကို လတ်နှင့်ဝန်ထမ်းများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ နှစ်သိန်း၊ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးကောင်ရေ သုံးသိန်းကိုပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးကျင်းပသည့် ITPEC စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဇွန် ၁၅

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းက ကြီးမှူးကျင်းပခဲ့သည့် Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြု စာမေးပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် ဘားအံတို့တွင် ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်က တစ်ပြိုင်တည်း ကျင်းပခဲ့ရာ Information Technology Passport Examination (IT Passport) စာမေးပွဲတွင် ၅၁၇ ဦးနှင့် Fundamental Information Technology Engineer Examination (FE) စာမေးပွဲတွင် ၆၉၄ ဦး ဝင်ရောက်ဖြေဆိုကြသည်။

IT Passport Exam တွင် မြန်မာတစ်နိုင်ငံလုံး၌ ၃၇၉ ဦး အောင်မြင်ပြီး ရာခိုင်နှုန်းအားဖြင့် ၇၃.၃ရာခိုင်နှုန်း အောင်မြင်သည်။ FE Exam တွင် မြန်မာတစ်နိုင်ငံလုံး၌ ၁၆၁ ဦး အောင်မြင်ပြီး ရာခိုင်နှုန်းအားဖြင့် ၂၃ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်။

Information Technology Professionals Examination Council (ITPEC) အသိအမှတ်ပြု စာမေးပွဲများကို နှစ်စဉ် ဧပြီလနှင့် အောက်တိုဘာလတို့တွင် ကျင်းပပြီး အဆိုပါစာမေးပွဲများကို မြန်မာနိုင်ငံအပါအဝင် ဂျပန်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ မွန်ဂိုလီးယား၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့က အသိအမှတ်ပြုကြောင်း သိရသည်။

မျိုးမင်းသူရ



လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး Bill Board စိုက်ထူ

ကြံခင်း ဇွန် ၁၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေးဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းက မြို့မရဝ်ကွက် လမ်းမတော်လမ်းမကြီးဘေး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌဦးသိန်းတန်၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူးဦးဇော်မင်း၊ မြို့မိ/မြို့ဖကော်မတီဥက္ကဋ္ဌဦးစိုးဖြင့် တို့က မြေစိုက်ပုံစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာသူများအားအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



မြင်းခြံမြို့နယ် ၂၀၂၄ ခုနှစ် မိုးရာသီ လူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၅ ရက်က မြင်းခြံတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဦးရဲမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်နှင့် ဌာနဆိုင်ရာများ၊ မြင်းခြံတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာအေးအေးဟန်နှင့် ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများက စိန်ပန်း၊ ဝိတောက် အရိပ်ရပင် စုစုပေါင်း ပျိုးပင် ၂၀၀ စိုက်ပျိုးစဉ်။

ခရိုင်(ပြန်/ဆက်)

ရွှေဘိုမြို့တွင် ဒေသခံလူငယ်သုံးဦး ဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ် (၁၀) ရပ်ကွက်၌ ဇွန် ၁၄ ရက်တွင် တပ်မတော်က လူဦးရေစာရင်းကောက်ယူပြီး လူငယ်အမျိုးသားသုံးဦးကို ဖမ်းဆီးသွားကြောင်း မှန်ကန်မှုမရှိသော သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မှန်ကန်မှု ရှိ/မရှိ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန် ရှိသူ တစ်ဦးထံဆက်သွယ်မေးမြန်းရာ ဇွန် ၁၄ ရက်တွင် တပ်မတော်အနေဖြင့် ရွှေဘိုမြို့နယ်အတွင်း ပုံမှန်လုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိပြီး လူဦးရေစာရင်းကောက်ယူခြင်းနှင့် လူငယ်များကို ဖမ်းဆီးခြင်းများလုပ်ဆောင်နေသည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။ ရွှေဘိုမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ ထမ်းဆောင်လျက်ရှိပြီး ပြည်သူများအပေါ် ဥပဒေမဲ့ ဖမ်းဆီးအရေးယူခြင်းများ လုပ်ဆောင်မှုမရှိကြောင်းနှင့် ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုမြင့်မားလာစေရန် ဝန်ကြီးချုပ်ကီရှီဒါနှင့် မိုဒီတို့ကတိပြု

တိုကျို ဇွန် ၁၅

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်မားလာစေရန် ဂျပန်နိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် လာရောက်လည်ပတ်စဉ်အတွင်း ကတိပြုခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ကီရှီဒါနှင့် ဝန်ကြီးချုပ် မိုဒီတို့သည် အီတလီနိုင်ငံ၌ G-7 ထိပ်သီးအစည်းအဝေး၏ နောက်ထပ် အစည်းအဝေးတစ်ခုတွင် ဇွန် ၁၄ ရက်က တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ ယခုလ အစောပိုင်းက ၎င်း၏ တတိယအကြိမ်မြောက် ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်သည့် အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ထိပ်သီးအစည်းအဝေးသို့ ဖိတ်ကြားထားသည့် ကမ္ဘာ့ခေါင်းဆောင်များထဲမှ ပါဝင်သည်။



ပိုမိုမြင့်မားလာမည်

ဂျပန် - အိန္ဒိယ အထူးမဟာဗျူဟာနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ၁၀ နှစ်မြောက် ရှိပြီဖြစ်ကြောင်း၊ လာမည့် ၁၀ နှစ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး ပိုမိုမြင့်မားလာမည်ဟု မျှော်လင့်မိကြောင်း ကီရှီဒါက မှတ်ချက်ပြုပြောကြားသည်။

အနီးကပ် ပူးပေါင်းဆောင်ရွက်

အိန္ဒိယသည် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ရန် ဂျပန်နိုင်ငံနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လိုကြောင်း မိုဒီကပြန်လည် ပြောကြားသည်။

အင်နဲအိတ်ချ်ကေ

ဗြိတိန်ဘုရင်၏ မွေးနေ့ပွဲအထိမ်းအမှတ် ချီတက်ပွဲသို့ ဝေလမင်းသမီးတက်ရောက်မည်

လန်ဒန် ဇွန် ၁၅

ဗြိတိန်နိုင်ငံ၏ ဝေလမင်းသမီးသည် မတ်လမှစတင်ကာ ကင်ဆာရောဂါ ကုသမှုခံယူနေသည့်နောက်ပိုင်း ပထမဦးဆုံး အကြိမ်အဖြစ် ကိုယ်ရေးကိုယ်တာ စာတစ်စောင်ထုတ်ပြန်ခဲ့သည်။ ဝေလမင်းသား ဝီလီယံနှင့် လက်ထပ်ထားသည့် ကတ်သရင်းသည် ၎င်း၏ ကင်ဆာရောဂါ ကုသမှုမှာ အခြေအနေများ တိုးတက်ကောင်းမွန်နေသည်ဟု ဇွန် ၁၄ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။



ချားလ်ဘုရင်၏ မွေးနေ့ပွဲအထိမ်းအမှတ် ချီတက်ပွဲအခမ်းအနားသို့ ဝေလမင်းသမီး တက်ရောက်မည်ဟု ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ဒီဇင်ဘာလမှ စတင်ကာ ဝေလမင်းသမီး ကတ်သရင်းသည် လူထုရှေ့မှောက် ထွက်ပေါ်လာခြင်း မရှိခဲ့ချေ။ ချားလ်ဘုရင်၏ မွေးနေ့ပွဲအခမ်းအနားတွင် ပထမဆုံးအကြိမ် အဖြစ် လူထုရှေ့တွင် ပြန်လည် ထွက်ပေါ်လာမည်ဖြစ်သည်။

အသက် ၄၂ နှစ်အရွယ် ဝေလမင်းသမီးသည် ပြီးခဲ့သည့် ဧန်နဝါရီလအတွင်းက ဝမ်းဗိုက်ပိုင်း ခွဲစိတ်ကုသမှုခံယူခဲ့သည်။ နောက်ပိုင်း၌ ၎င်းတွင် ကင်ဆာရောဂါ ခံစားနေရကြောင်း တွေ့ရှိခဲ့ပြီး ကုသမှုပိုင်းတွင် အာရုံစိုက်ရန် ဝေလမင်းသမီး၏ တော်ဝင်လုပ်ငန်းဆောင်တာများကို ရပ်နားခဲ့သည်။

အင်နဲအိတ်ချ်ကေ

ဆိုက်ပရပ်စ်၌ စံချိန်တင်အပူချိန်မြင့်တက်ပြီးနောက် တစ်ဦးသေဆုံးပြီး အခြားအများအပြား ဆေးရုံတင်ထားရ

နီကိုးရှား ဇွန် ၁၅

ဆိုက်ပရပ်စ်နိုင်ငံ၌ သောကြာနေ့က အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်အထိရှိသည့်အတွက် ဇွန်လတွင် စံချိန်တင် အပူချိန်မြင့်တက်ခဲ့ပြီး အပူလွှဲပိုလက္ခဏာများကြောင့် သက်ကြီးပိုင်း အမျိုးသမီး တစ်ဦးသေဆုံးကာ အခြားအများအပြား ဆေးရုံတင်ထားရကြောင်း ကျန်းမာရေး အာဏာပိုင်များက ထုတ်ပြန်ကြေညာသည်။

ဆိုက်ပရပ်စ်နိုင်ငံ သည် အင်္ဂါနေ့မှစတင်ကာ အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ် အထက်ရှိသော နှစ်ကြိမ်ဆက် လေထုပူပြင်းမှုဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။ ကြာသပတေးနေ့တွင် အပူချိန် ၄၄ ဒီဂရီဆဲလ်စီးယပ်ရှိခဲ့သည်။ သို့သော်လည်း တနင်္ဂနွေနေ့မှစတင်ပြီး အပူချိန်အနည်းငယ် ကျဆင်းဖွယ်ရှိသည်။

အသက် သေဆုံးခဲ့သော သက်ကြီးပိုင်းအမျိုးသမီးသည် အပူလွှဲပိုမှုကြောင့် ရုတ်တရက်နှလုံးရပ်မှုနှစ်ကြိမ်ခံစားခဲ့ရကြောင်း ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု ပြောရေးဆိုခွင့်ရှိသူ ချာရယ်လမ်ဘော့စ်ချိရီလ်လာအူက ပြောသည်။



လွန်ခဲ့သည့် ရက်အနည်းငယ်က လေကြောင်းတိုက်ခိုက်မှုတစ်ခုကြောင့် ဓားစာခံနှစ်ဦးသေဆုံးခဲ့သည်ဟု အယ်-ကာဆမ် တပ်မတော က တယ်လီဂရမ်၌ ထုတ်လွှင့်ထားသည့် ဗီဒီယိုတစ်ခုတွင် ပြောကြားသည်။ ဂါဇာကမ်းမြောင်းဒေသအလယ်ပိုင်း၌ ဓားစာခံ လေးဦးလွတ်ပေးရန် လုပ်ငန်းစဉ်အတွင်း အစ္စရေးတပ်ဖွဲ့က ဓားစာခံအများအပြားကို သတ်ဖြတ်ခဲ့ကြောင်း ဇွန် ၈ ရက်က အဆိုပါတပ်မဟာက ပြောကြားခဲ့သည်။

ဇွန် ၁၄ ရက်အထိ ဆက်လက်ဖြစ်ပွားနေသည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၃၇,၂၆၆ ဦးရှိပြီး ဒဏ်ရာရရှိသူ ၈၅၁၀၂ ဦးရှိပြီဖြစ်ကြောင်း ဟားမားစ်ကျန်းမာရေးအာဏာပိုင်များက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဂါဇာကမ်းမြောင်းဒေသတစ်ဝန်း ၎င်းတို့၏စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အစ္စရေးကာကွယ်ရေး တပ်ဖွဲ့က ဇွန် ၁၄ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဆင်ဟွာ

ရာဖာ၌ အစ္စရေးတို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဓားစာခံနှစ်ဦးသေဆုံးဟု ဟားမားစ်ပြောကြား

ဂါဇာ ဇွန် ၁၅

ဂါဇာကမ်းမြောင်းဒေသတောင်ပိုင်း ရာဖာမြို့၌ အစ္စရေးတို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အစ္စရေးဓားစာခံနှစ်ဦး သေဆုံးခဲ့ကြောင်း ဟားမားစ်လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည့် အယ်-ကာဆမ် တပ်မတော က ဇွန် ၁၄ ရက်က ကြေညာသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်က လေကြောင်းတိုက်ခိုက်မှုတစ်ခုကြောင့် ဓားစာခံနှစ်ဦးသေဆုံးခဲ့သည်ဟု အယ်-ကာဆမ် တပ်မတော က တယ်လီဂရမ်၌ ထုတ်လွှင့်ထားသည့် ဗီဒီယိုတစ်ခုတွင် ပြောကြားသည်။ ဂါဇာကမ်းမြောင်းဒေသအလယ်ပိုင်း၌ ဓားစာခံ လေးဦးလွတ်ပေးရန် လုပ်ငန်းစဉ်အတွင်း အစ္စရေးတပ်ဖွဲ့က ဓားစာခံအများအပြားကို သတ်ဖြတ်ခဲ့ကြောင်း ဇွန် ၈ ရက်က အဆိုပါတပ်မဟာက ပြောကြားခဲ့သည်။

ဇွန် ၁၄ ရက်အထိ ဆက်လက်ဖြစ်ပွားနေသည့် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၃၇,၂၆၆ ဦးရှိပြီး ဒဏ်ရာရရှိသူ ၈၅၁၀၂ ဦးရှိပြီဖြစ်ကြောင်း ဟားမားစ်ကျန်းမာရေးအာဏာပိုင်များက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဂါဇာကမ်းမြောင်းဒေသတစ်ဝန်း ၎င်းတို့၏စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အစ္စရေးကာကွယ်ရေး တပ်ဖွဲ့က ဇွန် ၁၄ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဆင်ဟွာ

အာဖရိကဌ် သွေးလှူဒါန်းခြင်း ပိုမိုပြုလုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး တိုက်တွန်း

နိုင်ရိုဘီ ဇွန် ၁၅

မတော်တဆမှုများအပါအဝင် အရေးပေါ်ကျန်းမာရေးအခြေအနေနှင့် အသက်လုနေရသည့်သူများကို ကယ်တင်နိုင်ရန် လုံခြုံစိတ်ချရသော သွေးလှူဒါန်းမှုများ အာဖရိကတွင် ပိုမိုပြုလုပ်သင့်သည်ဟု ဇွန် ၁၄ ရက်က ပြုလုပ်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရာရှိက ပြောကြားသည်။

အရေးပေါ်ဌာနစိတ်များတွင် သွေးလိုအပ်ချက်အတိုင်း ပြည့်မီအောင် ဖြည့်စွမ်းပေးနိုင်ရေး သွေးလှူဒါန်းမှုတိုးမြှင့်ရန် ဆန်းသစ်သော နည်းလမ်းများကို ရှာဖွေသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အာဖရိကဒေသဆိုင်ရာ ဒါရိုက်တာမက်ရှီဒီဆို ဝိုအက်တီက ပြောသည်။

အာဖရိကတွင် သွေးလှူဒါန်းမှုမှာ ကမ္ဘာ့အခြားသောအစိတ်အပိုင်းများနှင့်နှိုင်းယှဉ်လျှင် နောက်ကျကျန်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ အာဖရိကနိုင်ငံများသည် လူ ၁၀၀၀ အတွက် သွေး ၅ ဒသမ ၂ ယူနစ်ကိုသာ စုဆောင်းရရှိသည်။ လူ ၁၀၀၀ လျှင် ၁၀ ဦးသာ သွေးလှူဒါန်းခြင်းဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီလနောက်ပိုင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၉၇ ဦးရှိ

မနီလာ ဇွန် ၁၅

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ်ဇန်နဝါရီလမှ ဇွန် ၁ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၉၇ ဦးအထိရှိလာကြောင်း ကျန်းမာရေးဌာနက ဇွန် ၁၅ ရက်တွင် ပြောသည်။ ဇန်နဝါရီလမှ ဇွန် ၁ ရက်အထိ ခြင်မှတ်ဆင့် ကူးစက်ရောဂါဖြစ်ပွားသူ ၇၀၅၀၀ နီးပါး စံချိန်တင်ခဲ့ကြောင်း အဆိုပါဌာနက ပြောသည်။

ကူးစက်ရောဂါဖြစ်ပွားသူအရေအတွက်မှာ ယခင်က ကျဆင်းလျက်ရှိသော်လည်း ယခုအခါတွင် ပြန်လည်မြင့်တက်လာသောကြောင့် သိတင်းတစ်ပတ်လျှင် သွေးလွန်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူအရေအတွက်ကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ကျန်းမာရေးဌာနက ပြောသည်။

လူဇွန်ကျွန်းမကြီးမြောက်ပိုင်းနှင့် ဖိလစ်ပိုင်တောင်ပိုင်းရှိ ဒေသခုနစ်ခုမှာ မကြာသေးမီ သိတင်းပတ်သုံးပတ်မှ လေးပတ်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ မြင့်တက်ခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ မေ ၂၉ ရက်တွင် မိုးရာသီစတင်ကြောင်း မိုးလေဝသအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလေ့ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ရေကြောင့် ကူးစက်ပျံနှံ့သောရောဂါများသည် မိုးရာသီအစတွင် အများဆုံးဖြစ်ပွားလေ့ရှိကြောင်းလည်း သိရသည်။ **ဆင်ဟွာ**

*** ကျောဖုံးမှ**

လည်းကောင်း၊ ဓားဦးချွန်ကိုင်ဆောင်ခြိမ်းခြောက်ခဲ့သူ ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ အောင်မြေမန္တလာဝန်ထမ်းအိမ်ရာနေ ကျော်ဇေယျာ (၃၉) နှစ်၊ (ဘ)ဦးကျော်ဌေးအောင်အား ဓားဦးချွန် တစ်ချောင်းဖြင့်လည်းကောင်း ဇွန် ၁၃ ရက် နံနက် ၁ နာရီတွင် ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အသေးစိတ် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပိုင်စိုး(ခ)ပိုင်ပိုင်စိုး(ခ) ရှရစ်ဘိုင်(၃၂)နှစ်၊ (ဘ)ဦးအောင်သန်းအား ဇွန် ၁၃ ရက် နေ့လယ် ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိနိုင်ရေး

စစ်ဆေးချက်အရ ပိုင်စိုး(ခ)ပိုင်ပိုင်စိုး(ခ)ရှရစ်ဘိုင်သည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်များအတွင်း စစ်ကိုင်းမြို့နှင့် မန္တလေးမြို့များအတွင်း ခိုးယူနှင့်လုယက်မှု နှစ်မှုတို့ဖြင့် ထောင်ဒဏ် လေးနှစ် ကျခံခဲ့ရဖူးသူဖြစ်ပြီး လွန်ခဲ့သည့် ၂၀၂၄ ခုနှစ် မေလအတွင်း ၎င်းသည်ဖမ်းဆီးရန်ကျန်တရားခံ ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေ မျိုးမင်းလတ်နှင့်အတူ အမရပူရမြို့နယ်အတွင်းရှိ ရန်ကုန် -မန္တလေး အမြန်လမ်းမကြီး ကျောက်စိမ်းဘုရားအနီး၊ စွယ်တော်ဘုရားအရှေ့ဘက်ပွဲရုံ တိုက်တန်းအနီး၊ မြစ်ငယ် - စစ်ကိုင်းသွား ကားလမ်းရှိ ကျောက်စိမ်းဘုရားအနီး၊ မြစ်ငယ်-အုန်းချောသွား ကားလမ်းရှိ စိတ်ကျန်းမာရေးဆေးရုံအနီး၊ ရန်ကုန်-မန္တလေးကား လမ်းဟောင်းဘေးရှိ နတ်ရေကန်ကျေးရွာအနီး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ ရန်ကုန်-မန္တလေးကားလမ်းဟောင်းရှိ တံခွန်တိုင် အပိုင်းအနီး၊ ၇၃ လမ်းရှိ ယာယီကားကြီးကွင်းအနီး စုစုပေါင်း နေရာ ခုနစ်ခုတို့တွင် ဆိုင်ကယ်စီးနင်း သွားလာသူများထံမှ ရွေ့ထည်ပစ္စည်းများအား လုယက်မှု ခုနစ်ကြိမ် ကျူးလွန်ခဲ့သူဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး အမှုများမှ သက်သေခံပစ္စည်းများအား သိမ်းဆည်းနိုင်ရေးနှင့် အမှုမှဖမ်းဆီးရန် ကျန်တရားခံ မျိုးမင်းလတ်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



လက်ပစ်ဗုံးဖြင့် ဖောက်ခွဲရန် ခြိမ်းခြောက်သူများဖြစ်သည့် တရားခံဝင်းမြိုင် (၅၆) နှစ်နှင့် ကျော်ဇေယျာ(၃၉)နှစ်တို့အား MG-1 လက်ပစ်ဗုံး တစ်လုံး၊ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားအိမ်ပါ ဓားဦးချွန်တစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိမှု။



Sky Mobile Phone အရောင်းဆိုင်နှင့် Paradise Mobile Phone အရောင်းဆိုင်တို့အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံ ရှစ်ဦးနှင့် သက်သေခံပစ္စည်းများ ဖမ်းဆီး/သိမ်းဆည်းရမိမှု။





မန္တလေးမြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်များအတွင်း လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သူ ပိုင်စိုး(ခ)ပိုင်ပိုင်စိုး(ခ)ရှရစ်ဘိုင်(၃၂)နှစ်၊ (ဘ)ဦးအောင်သန်းအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။

Sky Mobile Phone အရောင်းဆိုင်နှင့် Paradise Mobile Phone အရောင်းဆိုင်တို့အား လုယက်မှုကျူးလွန်ခဲ့သည့်အမှု ဖမ်းဆီးရန်ကျန် တရားခံ မိုးဆန်းအောင်(ခ)ပိစိ

ရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ၂၀၂၄ ခုနှစ် ဇွန် ၂ ရက်နှင့် ၁၂ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ Sky Mobile Phone အရောင်းဆိုင်နှင့် Paradise Mobile Phone အရောင်းဆိုင်တို့ရှိ လက်ကိုင်ဖုန်းမျိုးစုံ ၂၅ လုံးကို ဓားရှည်များ ကိုင်ဆောင်အသုံးပြု၍ လုယက်ယူဆောင်ခဲ့သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးအထောက်အကူပြုပစ္စည်းမှ ရရှိသည့်အချက်အလက်များနှင့် ဒုစရိုက်မှုကိုမလိုလားသူ ပြည်သူများ၏ သတင်းပေးပို့ချက်အရ စုံစမ်းဖော်ထုတ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီတွင် လုယက်မှုကျူးလွန်သူများဖြစ်ကြသည့် တရားခံ ကျော်ဇင်ခန့်(ခ)ငပြူး (၂၀)နှစ်၊ (ဘ) ဦးဇော်မင်းနောင်အား မဟာအောင်မြေမြို့နယ် မဟာဇွယ်စဉ် ရပ်ကွက်၊ ၃၈လမ်း၊ ၆၉ လမ်းနှင့် ၇၀ လမ်းကြားရှိ နယူးရွှေထိပ်တန်းတည်းခိုခန်း၊ အခန်းအမှတ် B-1 တွင်လည်းကောင်း၊ ဟိန်းမင်းစိုး (ခ)ဖိုးသား(၂၈)နှစ်၊ (ဘ)ဦးစိုးဖြင့်အား ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြား ၁၁၂ လမ်းပေါ်ရှိ Maple တည်းခိုခန်း အခန်းအမှတ်(၃၀၅)တွင် လည်းကောင်း လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် I Phone အမျိုးအစား လက်ကိုင်ဖုန်း ကိုးလုံး၊ Redmi A3 အမျိုးအစား လက်ကိုင်ဖုန်း ခုနစ်လုံးနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဓားရှည် နှစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံ ကျော်ဇင်ခန့်(ခ) ငပြူးနှင့် ဟိန်းမင်းစိုး(ခ)ဖိုးသားတို့၏ ထွက်ဆိုချက်အရ ၎င်းတို့ နှစ်ဦးမှ Mobile Phone အရောင်းဆိုင်များအား လုယက်မှု ကျူးလွန်စဉ် ဖမ်းဆီးရန်ကျန်တရားခံ စဉ်ကူးမြို့နယ် လက်ပံလှကျေးရွာနေ မိုးဆန်းအောင် (ခ) ပိစိ (၂၉) နှစ်၊ (ဘ) ဦးအေးဆောင်က ဆိုင်ကယ်ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်းနှင့် လုယက်ရာမှ ရရှိသည့် လက်ကိုင်ဖုန်းများအား အပေါင်ခံသူများဖြစ်ကြသည့် ရန်ကျော် (၃၄) နှစ်၊ (ဘ) ဦးခင်မောင်ဝင်း၊ မောင်မောင်ချစ်(၂၉)နှစ်၊ (ဘ) ဦးမောက်၊ ဌေးမင်းသူ(၃၄)နှစ်၊ (ဘ)ဦးသိန်းမောင် တို့နှင့် လုယက်ရာမှရရှိသည့် လက်ကိုင်ဖုန်းများအား ရောင်းချပေးသူများဖြစ်ကြသည့် ခိုင်ဇာလင်း (၂၀)နှစ်၊ (ဘ) ဦးလင်းထိန်၊ သက်သက်ဦး (၁၆)နှစ်၊ (ဘ) ဦးအောင်မျိုးဝင်းနှင့် ဖွေဖွေးလှိုင်(ခ) မျိုးသန္တာလှိုင် (၁၆)နှစ်၊(ဘ)ဦးနိုင်ဝင်း တို့အား ယင်းနေ့ နေ့လယ် ၂ နာရီတွင် ၎င်းတို့၏ နေအိမ်အသီးသီး၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်များအရ ကျော်ဇင်ခန့် (ခ) ငပြူး၊ ဟိန်းမင်းစိုး (ခ) ဖိုးသားနှင့် ဖမ်းဆီးရန်ကျန်တရားခံ မိုးဆန်းအောင်(ခ)ပိစိတို့သုံးဦးသည် ဇွန်လအတွင်း မန္တလေးမြို့ပေါ် ရပ်ကွက်များ၌ ဓားထောက်၍ ဆိုင်ကယ်လုယက်မှု သုံးမှုအား ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး အဆိုပါ အမှုများမှ CZI အမျိုးအစား သက်သေခံဆိုင်ကယ် တစ်စီးအား သိမ်းဆည်းရမိခဲ့ကာ ကျန်သက်သေခံ ပစ္စည်းများအား ထပ်မံသိမ်းဆည်းရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။


ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် လက်ပစ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ရန် ခြိမ်းခြောက်မှု၊ Mobile Phone အရောင်းဆိုင်များအား လုယက်မှုနှင့် ခရီးသွားပြည်သူများအား ဓားထောက်၍ ရွေ့ထည်ပစ္စည်းများ လုယက်မှုကျူးလွန်ခဲ့ကြသူ ဖမ်းဆီးရမိ တရားခံ စုစုပေါင်း ၁၁ ဦးတို့အား သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် အမှုများ ဖွင့်လှစ်ထားရှိပြီး ကွင်းဆက်တရားခံနှင့် ဖမ်းဆီးရန်ကျန်တရားခံများ ထပ်မံဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများ အနေဖြင့် ရပ်ရွာများအတွင်း အကြမ်းဖက်မှုများနှင့် ဒုစရိုက်မှုများ မဖြစ်ပွားစေရေး အကြမ်းဖက်သမားများနှင့် ဒုစရိုက် သမားများ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းများအား သက်ဆိုင်ရာ လုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

ငှဲလင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၁) သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ငဝ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၇၂၇ ဒသမ ၉၁ ဧကရှိသော နယ်မြေကို **"ငှဲလင်းပုတ် ကြိုးပြင်ကာကွယ်တောအပိုင်း(၁)"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၄)အရ ၁၃၈၆ ခုနှစ် နယုန်လဆန်း ၁ ရက်(၂၀၂၄ခုနှစ်၊ ဇွန်လ ၇ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံညောင်ဦးဒေသကို အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှု ကာကွယ်ရန်၊ ရာသီဥတု သာယာမှုတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းရန် ရည်ရွယ်၍ ကြိုးပိုင်း / ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။



ငှဲလင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၁) သတ်မှတ်ခြင်းဖြင့် အဆိုပါ ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ဖျောက်ဆိပ်၊ ရင်းမာ၊ ထနောင်း၊ ရှာ၊ ကျွန်းဗို၊ တမာ၊ ဖဘတ် စသည့်သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာ ဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရ ဖြစ်ထွန်းမှု တိုက်ဖျက်ရေးအတွက် အထောက်အကူ ပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

ပြည်သူတွေအနေနဲ့ စာရင်းကောက်တွေက မေးမြန်းတဲ့မေးခွန်းတွေကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းမှာ ပူးပေါင်းပါဝင်ဆောင်ရွက်



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအား ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီး ပြည်သူများ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်နိုင်ရေးအတွက် လူထုအသိပညာပေး Bill board စိုက်ထူခြင်း အခမဲ့အနာများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့များ၌ ဇွန် ၁၅ ရက် နံနက်ပိုင်းက တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်ခဲ့ရာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

မေး ။ ။ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ ။ ။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအားဖြင့် နိုင်ငံတော်ရဲ့လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်တွေအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အခြေခံထားရမယ့် လူဦးရေဆိုင်ရာကိန်းဂဏန်း အချက်အလက်တွေကိုရရှိဖို့ဖြစ်ပါတယ်။



ဦးအောင်ဝင်းသိန်း
ညွှန်ကြားရေးမှူး

မေး ။ ။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမယ့် ကာလနဲ့ ရည်ညွှန်းချိန်ကိုလည်း သိပါရစေ။

ဖြေ ။ ။ ၂၀၂၄ ခုနှစ်အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ သန်းခေါင်စာရင်းကောက်ယူမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်က ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ည၁၂နာရီ သန်းခေါင်ယံအချိန်ဖြစ်ပါတယ်။

မေး ။ ။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်း ခေါင်စာရင်း ကောက်ယူရာမှာ ထည့်သွင်းစာရင်းကောက်ယူမယ့် သူတွေနဲ့ စာရင်းထည့်သွင်းမကောက်ရမယ့်သူတွေကိုလည်း သိချင်ပါတယ်။

ဖြေ ။ ။ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေထိုင်သူများအား စာရင်းကောက်ယူမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ည၁၂သန်းခေါင်ယံကျော်လွန်ပြီးမှ သေဆုံးသူတွေ၊ နိုင်ငံခြားကိုရောက်ရှိနေတဲ့ မြန်မာသံရုံးဝန်ထမ်းတွေကို စာရင်းကောက်ယူမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ထည့်မကောက်ရမယ့်သူတွေကတော့ မြန်မာနိုင်ငံအခြေစိုက်သံရုံးတွေနဲ့ ကောင်စစ်မေး ။ ။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမယ့် ကာလနဲ့ ရည်ညွှန်းချိန်ကိုလည်း သိပါရစေ။

ဖြေ ။ ။ ၂၀၂၄ ခုနှစ်အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ သန်းခေါင်စာရင်းကောက်ယူမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်က ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ည၁၂သန်းခေါင်ယံအချိန်ဖြစ်ပါတယ်။

မေး ။ ။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်း ခေါင်စာရင်း ကောက်ယူရာမှာ ထည့်သွင်းစာရင်းကောက်ယူမယ့် သူတွေနဲ့ စာရင်းထည့်သွင်းမကောက်ရမယ့်သူတွေကိုလည်း သိချင်ပါတယ်။

ဖြေ ။ ။ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေထိုင်သူများအား စာရင်းကောက်ယူမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ည၁၂သန်းခေါင်ယံကျော်လွန်ပြီးမှ သေဆုံးသူတွေ၊ နိုင်ငံခြားကိုရောက်ရှိနေတဲ့ မြန်မာသံရုံးဝန်ထမ်းတွေကို စာရင်းကောက်ယူမှာ ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ထည့်မကောက်ရမယ့်သူတွေကတော့ မြန်မာနိုင်ငံအခြေစိုက်သံရုံးတွေနဲ့ ကောင်စစ်ဝန်ရုံးတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံခြားသားသံတမန်တွေနဲ့ မိသားစုဝင်တွေ၊ သန်းခေါင်စာရင်းရည်ညွှန်းချိန် ၂၀၂၄ ခုနှစ်၊ စက်တာဘာလ ၃၀ ရက်နေ့ ည၁၂သန်းခေါင်ယံ ကျော်လွန်ပြီးမှ မွေးဖွားသူတွေ ဖြစ်ပါတယ်။

မေး ။ ။ ပြည်သူတွေအနေနဲ့ စာရင်းကောက်တွေက မေးမြန်းတဲ့ မေးခွန်းတွေကို မှန်ကန်စွာ ဖြေကြားပေးခြင်းဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်ပါသလဲ။

ဖြေ ။ ။ ပြည်သူတွေ အနေနဲ့ မေးခွန်းတွေကို မှန်ကန်စွာဖြေကြားပေးခြင်းအားဖြင့် ပညာရေးအတွက် လိုအပ်တဲ့ စာသင်ကျောင်း အရေအတွက်၊ ကျန်းမာရေးအတွက် လိုအပ်တဲ့ ဆေးရုံ၊ ဆေးခန်း၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရမယ့် အခြေအနေ၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဝေရမယ့် ပမာဏတွေကို တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ လူမှုစောင့်ရှောက် ရေးလုပ်ငန်းတွေဖြစ်တဲ့ မသန်စွမ်းမှု၊ သက်ကြီးရွယ်အိုစောင့် ရှောက်ရေး၊ ကိုယ်ဝန်ဆောင်မိခင်နဲ့ ကလေးသူငယ်စောင့်ရှောက် ရေးလုပ်ငန်းတွေကိုလည်း ဆောင် ရွက်နိုင်မှာ ဖြစ်ပါတယ်။ လူမှု အခြေခံ အဆောက်အအုံတွေ ဖြစ်တဲ့ လမ်း၊ တံတား၊ အိမ်ရာများ ကိုလည်း တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

မေး ။ ။ ဆရာအနေနဲ့ ပြည်သူတွေကို အသိပေးလိုတဲ့အချက်တွေ ရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။

ဖြေ ။ ။ ပြည်သူတွေကို အသိပေးလိုတာကတော့ သန်းခေါင်စာရင်း ကောက်ယူခြင်းဟာ အိမ်ထောင်စုစာရင်း ရှိခြင်း မရှိခြင်း၊ နိုင်ငံသားဖြစ်ခြင်း/မဖြစ်ခြင်း၊ တိုင်းရင်းသားဖြစ်ခြင်း/မဖြစ်ခြင်းနဲ့ မသက်ဆိုင်ပါ။ ပိုင်ဆိုင်မှုနဲ့ပတ်သက်လို့ အခွန်ကောက်ခြင်း၊ အရေးယူခြင်းလုံးဝ (လုံးဝ) ပြုလုပ်မှာ မဟုတ်ပါ။

နိုင်ငံခြားကို ရောက်ရှိနေတဲ့ အိမ်ထောင်စုဝင်များအတွက်လည်း စိုးရိမ်ရန်မလိုပါ။ ဘာမှ အရေးယူမှာ မဟုတ်ပါကြောင်း ပြောလိုပါတယ်။ ပြည်သူတွေ အနေနဲ့ စာရင်းကောက်တွေက မေးမြန်းတဲ့ မေးခွန်းတွေကို မှန်ကန်ပြည့်စုံစွာဖြေဆိုခြင်းဖြင့် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းမှာ ပူးပေါင်းပါဝင်ဆောင် ရွက်ကြပါလို့ တိုက်တွန်းအပ်ပါ တယ်။

တွေ့ဆုံမေးမြန်း - ဒေါ်ချိုမာထွန်း (ဦးစီးအရာရှိ)
ခရိုင် (ပြန်/ဆက်)

သံတွဲမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ စာစီစာကုံး၊ ပန်းချီပြိုင်

သံတွဲ ဇွန် ၁၅

ရခိုင်ပြည်နယ် သံတွဲမြို့၌ (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးစီးဌာန Community Centre ခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အထိမ်းအမှတ်ပြိုင်ပွဲများတွင် "မူးယစ်ရန်ဘယ်အသွယ်သွယ် အန္တရာယ်ဟူသမျှ ရှောင်ရှားကြ"၊ "မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"၊ "မူးယစ်အသွယ်သွယ်အန္တရာယ်" စသည့် ခေါင်းစဉ်အသီးသီးဖြင့် ကျင်းပရာ အထက်တန်းအဆင့်၌ ခြောက်ဦး၊ အလယ်တန်းအဆင့်၌ ၁၁ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၇ ဦးတို့က စိတ်ပါဝင်စားစွာ ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနမှတာဝန်ရှိသူများက ကြည့်ရှုအားပေးကာ **(အောက်ပုံ)** ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်စာစောင် နှင့်စာအုပ်ပြပွဲများကို ကြည့်ရှုကြပြီး သတင်းစကားအသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

နေမျိုးအောင်(ပြန်/ဆက်)



နေရာကွက်ကျား မိုးထစ်ချန်းရွာမည်

နေပြည်တော် ဇွန် ၁၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် မိုးပိုလာမည်။

မိုး/ဇလ



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး ဆိုင်းဘုတ်စိုက်ထူခြင်းကို ဇွန် ၁၂ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ ရန်ကုန် - မန္တလေးလမ်းဘေး၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ခရိုင် (ပြန်/ဆက်)

နတ်မောက်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

နတ်မောက် ဇွန် ၁၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအသိပညာပေး



ဆိုင်းဘုတ်စိုက်ထူခြင်းကို ယနေ့နံနက်ဂုနာရီက နတ်မောက်မြို့ တြိဂံလမ်းဆုံ၌ပြုလုပ်ရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဦးလှမျိုး ရဲနိုင်စိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ရဲမျိုးသန်းဝင်းတို့က "ပြည်သူ့အားလုံးပါဝင်လို့သန်းခေါင်စာရင်းကောက်ကြဖို့" အသိ ပညာပေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အဆိုပါ ဆိုင်းဘုတ်ကို အမွေးနုံ့သာများ ပက်ဖျန်းပေးကြသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပြီး အဆိုပါအခမဲ့အနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့်ရပ်မိရပ်ဖမျာ စုစုပေါင်းအင်အား ၂၀၀ခန့် တက်ရောက်သည်။

သိန်ဝေမိုးမိုး

ယခုနှစ်စတင်ကျင်းပမည့် အာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲတွင် မြဝတီအမျိုးသမီးအသင်း ယှဉ်ပြိုင်ခွင့်ရမည်

ရန်ကုန် ဇွန် ၁၅

အာရှဘောလုံးအဖွဲ့ချုပ်က ပထမဆုံးကျင်းပမည့် ၂၀၂၄-၂၀၂၅ ရာသီအာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မြဝတီအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ဒေသတွင်း အမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသမီးကလပ်ပြိုင်ပွဲကို အဆင့်တိုးမြှင့်ကျင်းပခြင်းဖြစ်ပြီး နောက်ဆုံးအဆင့်နှင့် ခြေစစ်ပွဲအဆင့်တွင် အသင်းစုစုပေါင်း ၂၀ ကျော်အထိ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ နောက်ဆုံးအဆင့်တွင် အသင်း စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ရွှေသင်းမှာ တိုက်ရိုက်ကစားခွင့် ရရှိကာ ကျန်လေးနေရာကို ခြေစစ်ပွဲအောင်မြင်သည့် အသင်းများ ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။



ခြေစစ်ပွဲတွင် အသင်း ၁၄ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် မဲခွဲပွဲကို ဇူလိုင် ၁၈ ရက်တွင် ပြုလုပ်မည် ဖြစ်သည်။

မြဝတီ အမျိုးသမီးအသင်းသည် ၂၀၂၃ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရခဲ့သဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သည်။ ခြေစစ်ပွဲအဆင့်တွင် မြန်မာအသင်းအပါအဝင် ထိုင်း၊ ဥဘောက်ကစ္စတန်၊ အီရန်၊ အိန္ဒိယ၊ ကျော်ဒန်၊ ဟောင်ကောင်၊ လာအို၊ မလေးရှား၊ နီပေါ၊ ယူအေအီး၊ စင်ကာပူ၊ ဘူတန်နှင့်ဆော်ဒီအာရေဗျ ကလပ်အသင်းများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဂျပန်၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ) ကလပ်အသင်းများမှာ နောက်ဆုံးအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ခြေစစ်ပွဲများကို လေးသင်း နှစ်အုပ်စု၊ သုံးသင်း နှစ်အုပ်စုခွဲ၍ သြဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးနေရာရ တစ်သင်းစီ စုစုပေါင်း လေးသင်း ခြေစစ်ပွဲ အောင်မြင်မည် ဖြစ်သည်။

ရဲရဲဠွင်
ဓာတ်ပုံ-MWL

ယူရိုပြိုင်ပွဲ အုပ်စု(က)ယှဉ်ပြိုင် ဟန်ဂေရီကို သုံးဂိုး - တစ်ဂိုးဖြင့် ဆွစ်ဇာလန်အနိုင်ရ

ယူရိုပြိုင်ပွဲ အုပ်စု (က) ပွဲစဉ် (၁) မှ ဟန်ဂေရီနှင့် ဆွစ်ဇာလန်အသင်းပွဲစဉ်ကို ဇွန် ၁၅ ရက်ည ၇ နာရီခွဲက ယှဉ်ပြိုင်ကစားရာ ဆွစ်ဇာလန်အသင်းက အကြိတ်အနယ်ကစားပြီး သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဟန်ဂေရီအသင်းသည် ကာကက်ခ်၊ ဆာဘော့စလိုင်း စသည့်အဓိက ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ပြိုင်ဘက်ဆွစ်ဇာလန်အသင်းက အားထားရသည့် ဆွန်ဇာ၊ ရိုဒရီဂွက်ဇ်၊ အကန်ဂျီ၊ ရှာကာ၊ ဖောင်လာ၊ ဗားဂတ်စ် စသည့်စုဖွဲ့မှုဖြင့် ပွဲထွက်လာခဲ့သည်။

ဆွစ်ဇာလန်အသင်းသည် ပွဲချိန် ၁၂ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး မစ်ချယ်၏ ဖန်တီးမှုကို တိုက်စစ်ကစားသမား ဒူအောက သွင်းယူပေးနိုင်ခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရသော်လည်း ဟန်ဂေရီအသင်း၏ တုံ့ပြန်ကစားပုံထိရောက်မှုမရှိဘဲ ဆွစ်ဇာလန်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။ ပွဲချိန် ၄၅ မိနစ်တွင် ဆွစ်ဇာလန်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး မစ်ချယ်ကသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၆၆ မိနစ်တွင် ဟန်ဂေရီအသင်း ချေပဂိုးရရှိခဲ့ပြီး ဆာဘော့စလိုင်း၏ ဖန်တီးမှုမှ ဗာဂါက သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ ချေပဂိုးကြောင့် ဆွစ်ဇာလန်အသင်း နိုင်ပွဲရရှိရန် ရုန်းကန်ခဲ့ရသည်။ သို့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ဆွစ်ဇာလန်အသင်းအတွက် အနိုင် သေချာစေမည့် တတိယဂိုးရရှိခဲ့ပြီး အမဲဘိုလိုက သွင်းယူပေးသည်။

ဆွစ်ဇာလန်အသင်းသည် ယခုအနိုင်ပွဲကြောင့် ယူရိုပြိုင်ပွဲ အုပ်စု (က) တွင် အိမ်ရှင်ဂျာမနီအသင်းနှင့်ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စု ဒုတိယတွင် ရပ်တည်နိုင်ခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် လာမည့်ပွဲစဉ်တွင် စကော့တလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်ဟန်ဂေရီအသင်းက အိမ်ရှင်ဂျာမနီနှင့်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အောင်ဧော်



❑ *ကျောဖုံးမှ*

ပွဲချိန် ၂၅ မိနစ်တွင် ဂျာမနီအသင်း ပယ်နယ်တီရရှိခဲ့သော်လည်း ဗီအေအာရ်ပြန်လည်ကြည့်ရှု စစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည်။ ထို့နောက် ပွဲချိန် ၄၄ မိနစ်တွင် စကော့တလန်အသင်းမှ ရွှင်ယန် ပေါ်တီးယပ်စ်ပြိုင်ဘက်ကို ကစားပုံကြမ်းတမ်းခဲ့သည့်အတွက် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

ခုခံကာကွယ်ခဲ့ရ

ပထမပိုင်းပွဲချိန်ပြည့်ခါနီးတွင် ပယ်နယ်တီမှတစ်ဆင့် တိုက်စစ်ကစားသမား ဟာဗက်ဇ်ဖီ ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဂျာမနီအသင်းက သုံးဂိုးပြတ်ဦးဆောင်နိုင်ခဲ့သည်။ တစ်ယောက်လျော့စကော့တလန်အသင်းသည် ဒုတိယပိုင်းတွင်လည်း ဂျာမနီအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။

ပွဲချိန် ၆၈ မိနစ်တွင် ဂျာမနီအသင်း စတုတ္ထဂိုးရရှိခဲ့ပြီး ဖူးလ်ခရတ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၇၆ မိနစ်တွင် ဖူးလ်ခရတ် ထပ်မံဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗီအေအာရ်က ပယ်ဖျက်ခဲ့သည်။ပွဲချိန် ၈၇ မိနစ်တွင် ဂျာမနီခံစစ်ကစားသမား ရူဒီဂါကိုယ့်ဂိုးကိုယ် သွင်းယူခဲ့၍ စကော့တလန်အသင်း ချေပဂိုးရရှိခဲ့သည်။ ပွဲချိန် ပြည့်ခါနီးတွင် ဂျာမနီအသင်းအတွက် ပဉ္စမမြောက်ဂိုးကို အမ်မရီကမ်က သွင်းယူပေးနိုင်ခဲ့သည်။

ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်ရှိခဲ့

စကော့တလန်အသင်းသည် ဂျာမနီအသင်းဘက်သို့ ပွဲချိန်တစ်လျှောက် ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာ ရရှိခဲ့သည်။ အိမ်ရှင်ဂျာမနီအသင်းက စကော့တလန်အသင်းဘက်သို့ ဂိုးကန်သွင်းခွင့် အကြိမ် ၂၀ အထိရရှိခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်ရှိခဲ့သည်။ **အောင်ဧော်**

ဆားဘီးယားအသင်းရဲ့တုံ့ပြန်ကစားပုံ ကောင်းမွန်သည့်တိုင် အင်္ဂလန်ကို အနိုင်ရဖို့ မလွယ်

■ မိုးဇက် - ရေးသားသည်



ဇွန် ၁၆ ရက်ညပိုင်းနဲ့ ၁၇ ရက် နံနက်ပိုင်းမှာ ယူရို၂၀၂၄ ပွဲစဉ် သုံးပွဲ ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဇွန် ၁၆ ရက်ညပိုင်းမှာ ပိုလန်နဲ့ နယ်သာလန်၊ စလိုဗေးနီးယားနဲ့ ဒိန်းမတ် အသင်း ပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး ဇွန် ၁၇ ရက် နံနက်ပိုင်းမှာ ဆားဘီးယားနဲ့အင်္ဂလန်အသင်း ပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

ပိုလန် VS နယ်သာလန်

ယူရိုပြိုင်ပွဲ အုပ်စု (ဃ) - ပွဲစဉ် (၁)
တနင်္ဂနွေနေ့ - ည ၇ နာရီ ခွဲ

ပိုလန်အသင်းမှာ ဆက်ဇီနီ၊ ဇီလန်စကီး၊ နီကိုလာ ဇာလဲစကီး၊ မိုဒါ၊ လီဝမ်ဒေါစကီး၊ မိုက်ကယ် စခေါရက်စ်စတဲ့ အဓိက ကစားသမားတွေ ရှိပြီး ပြိုင်ဘက် နယ်သာလန်အသင်းမှာလည်း ဒါလေဘာလင်း၊ ဗန်ဒိုက်၊ နာသန်အက်၊ ဒီလစ်၊ ဖရင်ပေါင်၊ ဂရင်ဘာဘတ်၊ ဒီဗေး၊ ဝက်ဟော့၊ ဂတ်ပို့၊ မာလင်းစတဲ့ အဓိက ကစားသမားတွေရှိတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။

အုပ်စုတွင်းမှာ သြဇတြီးယား၊ ပြင်သစ်စတဲ့ အသင်းကြီးတွေနဲ့ တစ်အုပ်စုတည်းကျရောက်နေတာကြောင့် အခုပွဲစဉ်က နှစ်သင်း စလုံးအတွက် မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ပိုလန်အသင်းမှာ အားထားရတဲ့ တိုက်စစ်ကစားသမား လီဝမ်ဒေါစကီး ဒဏ်ရာကြောင့် ပါဝင်လာဖွယ်မရှိဘူး။ ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံထားတဲ့ နောက်ဆုံး ငါးကြိမ်မှာ နယ်သာလန်အသင်းက အပြတ်အသတ် အသာရထားပြီး လေးကြိမ်နိုင်ကာ တစ်ပွဲသရေကျထားသည်။ လက်တလောခြေစွမ်းတွေအရ ပိုလန်အသင်းထက် နယ်သာလန် အသင်းနိုင်ပွဲရရှိသွားနိုင်တယ်။

စလိုဗေးနီးယား VS ဒိန်းမတ်

■ ယူရိုပြိုင်ပွဲ အုပ်စု (ဂ) - ပွဲစဉ် (၁)
■ တနင်္ဂနွေနေ့ - ည ၁၀ နာရီ ခွဲ

ကစားသမားကောင်းတွေ၊ စွမ်းဆောင်ရည်ကောင်းတွေ ပိုင်ဆိုင်ထားတဲ့ ဒိန်းမတ်အသင်းကို စလိုဗေးနီးယားအသင်း တုံ့ပြန်ကစားဖို့ အခက်တွေ့ဖွယ်ရှိတယ်။

ယမန်နှစ်က ဒိန်စ်သင်း ထိပ်တိုက်တွေ့ဆုံထားပြီး ဒိန်းမတ်အသင်းက အသာရကာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ထားတယ်။ ဒါပြင် ကက်စပါ ရှမိုက်ကယ်၊ ဗက်စတာဂတ်၊ အဲရစ်ဆင်၊ ဟိုက်ဘတ်၊ ဒန်းစ်ဂတ်၊ ဟိုက်မန်း၊ ဟိုက်လန်းတို့လို အရည်အသွေးမြင့် ထိပ်တန်းအဆင့် ကစားသမားကောင်းတွေ ပိုင်ဆိုင်ထားတဲ့ ဒိန်းမတ်အသင်း စလိုဗေးနီးယားနဲ့ဒီတစ်ကြိမ်တွေ့ဆုံမှုလည်း အသာရဖွယ်ရှိတယ်။

ဆားဘီးယား VS အင်္ဂလန်

■ ယူရိုပြိုင်ပွဲ အုပ်စု (ဂ) - ပွဲစဉ် (၁)
■ တနင်္လာနေ့ - နံနက် ၁ နာရီ ခွဲ

အင်္ဂလန်အသင်းက ယူရိုဖလားဆွတ်ခူးဖို့ ထင်ကြေးပေးခံနေရတဲ့ အသင်းလေးသင်းထဲမှာ ပါတယ်။ ဆားဘီးယားအသင်းက ၁၉၆၀ ပြည့်နှစ်နဲ့ ၁၉၆၈ ခုနှစ်မှာ ဒုတိယနှစ်ကြိမ် ရထားဖူးတာကြောင့် အင်္ဂလန် အသင်းထက် ယူရိုပြိုင်ပွဲမှာ အောင်မြင်မှုပိုရထားတာ တွေ့ရတယ်။

နှစ်သင်းစလုံးအဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းရရှိဖို့ ခြေကုန်ထုတ်လာမှာဖြစ်သော်ငြား အင်္ဂလန်အသင်းက ဖလားဆွတ်ခူးနိုင်ခြေ မြင့်မားတဲ့အသင်းဖြစ်တာနဲ့အညီ ပြိုင်ဘက်ဆားဘီးယားအသင်း ထက်လည်း သာလွန်နဲတဲ့အဆင့်တစ်ခုမှာရှိတာကြောင့် ရမှတ်အပြည့် ရရှိနိုင်တယ်။ ဒါ့အပြင်တုံ့ပြန်ကစားပုံကောင်းမွန်မှု ရှိလင့်ကစားပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်တဲ့ အင်္ဂလန်အသင်းကို ဆားဘီးယားအသင်း ကျော်ဖြတ်နိုင်ဖွယ် မရှိဘူး။

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

လွိုင်ကော် ဇွန် ၁၅

ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်နယ်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်မှုများကြောင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နောက်ကျခဲ့ရကြောင်း၊ ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်ရမည့်အချိန် ဖြစ်ပါကြောင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား သက်ဆိုင်ရာဌာနများ၊ ပြည်သူများပူးပေါင်း၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား သက်ဆိုင်ရာကော်မတီများအလိုက်အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဌာနအလိုက်ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ကြီးကြပ်၍ စီမံခန့်ခွဲနေမှု၊ ဌာနများအလိုက် လုပ်ငန်းဆောင် ရွက်ချက်များကို သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြေရှင်း ဆောင်ရွက်ပေးခဲ့ပြီး ဌာနဆိုင်ရာများအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့ အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ် ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။



ဦးဆောင်မှုဖြင့်ကဏ္ဍအသီးသီးတွင် လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော်သွားရန် တိုက်တွန်းအပ်သည်။

ပြည်နယ် (ပြန်/ဆက်)

တောင်ငူမြို့နယ်လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

တောင်ငူ ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက မင်းကြီးညိုလမ်း (၁၉)ရပ်ကွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တောင်ငူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်၊ နာရေးစရိတ်၊ ယာယီမသန်စွမ်းမှု၊ မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း ပြုလုပ်သည်။



ဦးစွာတိုင်းဒေသကြီးလူမှုဖူလုံရေးတိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဖူလုံရေးတိုင်းတာဝန်ခံအရာရှိက တောင်ငူဒေသ (သစ်ထုတ်လုပ်ရေး)မှအာမခံအလုပ်သမား ဦးသိန်းထိုက်၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၉၀၀၀၀၀၀ ကို အစ်ကိုဖြစ်သူ ဦးယုတင်ထံသို့ လည်းကောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အေးသီတာစန်းက မြန်မာ့မီးရထားအလုပ်ဌာနမှ အာမခံအလုပ်သမား ဦးမျိုးဝင်း၏ နာရေးစရိတ်အကျိုးခံစားခွင့် ငွေကျပ် ၉၉၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်စန်းထံသို့လည်းကောင်း၊ ကျန်ယာယီမသန်စွမ်းမှု မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် ရသူများအား တာဝန်ရှိသူများက ကာယကံရှင်များထံသို့ ပေးအပ်ခဲ့ကြောင်းနှင့် ယနေ့တွင် အကျိုးခံစားခွင့် စုစုပေါင်းငွေကျပ် ၁၁၄၈၄၅၂၁ ဒသမ ၈၇ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

ပဲခူးမြို့ သစ်တောဦးစီးဌာနမှ ရန်ကုန် - မန္တလေးအမြန်လမ်း ဘေးတွင် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ပဲခူး ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သစ်တောဦးစီးဌာနမှ ရန်ကုန် - မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် (၄၇/၇-၄၅/၀)မှိုင် စလုကြိုးဝိုင်းအကွက် အမှတ် (၂၃၅)တွင် ယနေ့နံနက်က ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ဦး-၂ တိုင်း၊ ခရိုင်၊ မြို့နယ် သစ်တောဝန်ထမ်းများ၊ နယ်မြေခံတပ်မှ ဒုတိယမိုင်လှမှူးကြီး သန်းတင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ၊ အ.ထ.က(ဘုရားကြီး)၊ အ.ထ.က(ခွဲ) ရွှေမင်းဂံနှင့် နတ်ကင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတနာရေးကူညီမှုအသင်း အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုစုပေါင်း အင်အား ၅၅၄ ဦးတို့က သစ်မာမျိုးစုံ ၂၀၊ အပင် ၂၀၀၀ အား စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုတွတ်(ပြန်/ဆက်)



အိမ်ပြင်ပဘဲ့ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်	-	ခြူးစန်ဒီနွေး၊ တင်လင်းအောင်
စာတည်း		
အကြီးတန်း	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း	-	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ		
ဓာတ်ပုံ	-	တင်စိုး
သတင်းထောက်		
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဈေးရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၃၊ ၀၁-၅၅၈၂၂၈၊ Fax ၀၁-၅၄၆၂၂၈၊ ၀၆၇-၃၆၁၄၈၊ မြန်ဆိုရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၆။

MYANMAR Digital News Presented by MPE www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၃၀၅ ကျပ်	၂၃၈၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၇၀၅ ကျပ်	၂၇၈၅ ကျပ်
အောက်တိန်း ၉၂	၂၅၁၅ ကျပ်	၂၅၉၀ ကျပ်
အောက်တိန်း ၉၅	၂၆၄၅ ကျပ်	၂၇၁၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

ကုမ္ပဏီအမည်	အမှုင်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၉၂၀၀	၉၃၀၀	၄၆၇၉	၄၂၄၆၇၈၀၀
MTSH	၃၂၅၀	၃၂၅၀	၇၇၅	၂၅၁၈၇၅၀
MCB	၈၄၀၀	၈၄၀၀	၄	၃၃၆၀၀
FPB	၁၇၅၀	၁၇၅၀	၆၂၁၇၄	၁၀၈၈၀၀၇၅၀
TMH	၂၉၀၀	၂၉၀၀	၇	၂၀၃၀၀
EFR	၁၉၀၀	၂၀၀၀	၅၅၃	၁၁၄၄၉၀၀
AHPC	၅၀၀၀	၅၀၀၀	၂၀	၁၀၀၀၀၀
MAEPC	၃၃၅၀	၃၃၅၀	၃၀၄၆	၁၀၂၀၄၁၀၀

စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သခ်ၤာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သခ်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဧန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ပျောက်ဆုံးကြောင်း

Myanmar Synergy Co., ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၅၁၅၈၄၇၈၀) မှ ID No. 100259062261 နှင့် သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထား မူရင်းများသည် မူဆယ် ၁၀၅ မိုင်တွင် ကျန်ရှိ ပျောက်ဆုံးလျက်ရှိနေပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၂၆၃၆၁၇၃၃၄

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၀

ဒေါ်တင်မိုးခိုင် နှင့် ဒေါ်စိန်စိန်
တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချော ကျေးရွာ၊ ရပ်ကွက်(၃)နေ ဒေါ်စိန်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်မိုးခိုင်က အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးယုမွန်)
မြို့နယ်တရားသူကြီး
ပုသိမ်ကြီးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်ကင်းရပ်၊ သုခိတာလမ်း၊ ကွင်း အကွက်အမှတ်နှင့်အမည် (၁၆၄၇–အလယ်ရပ်ကွင်း)၊ ဦးပိုင်အမှတ် (အေ–၃၇)၊ ဧရိယာ ၀ ဒသမ ၁၁၃ ဧက အကျယ်အဝန်းရှိ ဦးအေးကျော်အမည်ဖြင့် နှစ်(၃၀) အငှားဂရန်ရရှိထားသော ပိုင်းမြေကွက်နှင့် ပိုင်းမြေကွက်အတွင်းရှိ အကျိုးခံစား ခွင့်အရပ်ရပ်တို့အား အမှန်တကယ်ပိုင်ဆိုင်သူ ဒေါ်နှင်းသီတာ ၉/မသန(နိုင်) ၀၀၁၀၈၆ က ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူညီ၍ ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သွယ်သွယ်လှိုင် LL.B. WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၉)
အမှတ်(၃၅၄)၊ (၆)လမ်း၊ အောင်စေတနာ(က)ရပ်၊ မကွေးမြို့။
ဖုန်း–၀၉–၄၀၁၅၆၀၀၂၀

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ကန်သာ(A)ရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၁၀၄/ခ) အလျား(၂၀) x အနံ (၆၀)ပေ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်ရရှိပိုင်ဆိုင်သူ ဒေါ်ကြည်ရှိန် ၈/မကန(နိုင်)၀၄၈၁၀၅ ထံမှ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူ ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်း အဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ် မိတ်ဆွေထံသို့လည်းကောင်း၊ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သူဇာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဖြိုးကိုကိုထွေး (LL.B)
အထက်တန်းရှေ့နေ (စဉ်–၅၃၂၃၄)
အမှတ် (၃၀၈) သဇင် (၄)လမ်း၊ ရန်မျိုးနိုင်ရပ်ကွက်၊ မကွေးမြို့။
ဖုန်း–၀၉–၄၃၁၃၈၆၈၇

ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုသက်အောင် ၈/မကန(နိုင်)၁၇၉၀၄၉ နှင့် ဦးကျော်စွာဟိန်း ၈/မကန(နိုင်)၁၇၀၀၅၇ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သောကြောင့် ၁၃–၆–၂၀၂၄ ရက်တွင် နှစ်ဖက်သော အသိသက်သေလူကြီးမင်းများ၏ရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချိုသက်အောင်၏ လွှဲအပ်ချက်အရ–
ဒေါ်နန်းမိမိသက် (LLB)
အထက်တန်းရှေ့နေ (စဉ်–၅၅၂၇၆)
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့။
ဖုန်း–၀၉–၈၈၀၆၄၉၆၂၃

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/ အကွက်အမှတ် RA – VI/ ကွက်ပြင်)၊ ဦးပိုင်အမှတ် (၆က/၁၅၃)၊ မြေဧရိယာ ၀ ဒသမ ၁၂၉ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်တူး (ခ) ဒေါ်ညွန့်ညွန့် လွင် ၁၂/ဗဟန (နိုင်)၀၁၂၁၈၆ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာ၊ ကွင်း/အကွက် အမှတ် (ပြင်)၊ ဦးပိုင်အမှတ် (၁၄၃)၊ မြေဧရိယာ ၁ ဒသမ ၉၁ ဧကရှိ မြေကွက် အား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဒေါ်စုစုလှိုင်မှ ဆက်လက် ဆောင် ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ်(၁၈/ ကျောက်တောင်)၊ ဦးပိုင်အမှတ် (၂၅/၁၂၀–ခ)၊ မြေဧရိယာ ၀ ဒသမ ၀၆၇ ဧကရှိ မြေကွက်အား မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်နိုင်နိုင်ဝင်း ၁၂/အစန(နိုင်)၀၁၀၄၅၃ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် RA–VI/ ကွက်ပြင်၊ ဦးပိုင်အမှတ် (၈–ထ)၊ မြေဧရိယာ ၀ ဒသမ ၉၀ ဧကရှိ မြေကွက်အား မြေငှား ဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဒေါ်ရန်တင်ရှမ်း ၁၃/မဆတ(နိုင်) ၀၂၉၁၈၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်းအသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)ရေငယ်ကျေးရွာ၊ ကွင်း/အကွက်အမှတ်(၆၈၁–က)၊ ယခင် ဦးပိုင်အမှတ် (၁၉/၄)၊ ယခုဦးပိုင်အမှတ် (၁၈)၊ မြေဧရိယာ ၀ ဒသမ ၄၇ ဧကရှိ မြေကွက်အား စက်မှုစီးပွား မြေငှားဂရန် သစ်လျှောက်ထားနိုင်ရေး ဦးအုဋ်ခေါင် (ခ) နန်းဦးမှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာ၊ ကွင်း/အကွက် အမှတ်(ပြင်)၊ ဦးပိုင်အမှတ်(၁၀၉/၂) မြေဧရိယာ ၀ ဒသမ ၃၃ ဧကရှိ မြေကွက်အား စက်မှုစီးပွား မြေငှားဂရန်သစ်လျှောက်ထားနိုင်ရေး ဦးဝေဖြိုးအောင်မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက် အမှတ် (၁၄–က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ် (၂၈)၊ မြေဧရိယာ ၀ ဒသမ ၁၇၅ ဧကရှိ မြေကွက်အား မြေငှားဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်အေး အေးစန်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံ စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀၈)ရပ်ကွက်၊ ကုန်းဘောင်ပါတ်လမ်း၊ အမှတ်(၉၆)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀'x၆၀')ရှိ မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ် (ဂရန်မိတ္တူမြေကွက်- ဦးစိန်ကျော် အမည်ပေါက် ဂရန်မြေကွက် ခြေရင်းခြမ်း) ကို အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်လိပ်စာပါမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဒေါ်မိုးမိုးရည် ၁၂/ဒဂရ(နိုင်)၀၁၉၀၀၂ထံမှ ဒေါ်ခင်သူသူအောင် ၁၀/ကထန(နိုင်) ၁၁၄၈၂၄ က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယင်းအရောင်း အဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသန်းအောင်(စဉ်–၇၈၂၄)
အထက်တန်းရှေ့နေ
၁၀၉ ဒီ.၁– ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၉–၇၉၀၄၈၄၂၆၃

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေကွက်အမှတ်(ပ–၄၁၁၁)၊ ဦးသိန်းရွှေ (ဘ) ဦးညီကြွယ် ၉/ပမန(နိုင်)၀၇၅၂၃၂ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဝင်းမင်းသူ (ဘ) ဦးကံငြိမ် ၉/ပသက(နိုင်)၀၉၁၃၂၃ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊ အလက(ကုလားပါး) မှ Grade–7 အောင်မြင်ပြီးသော မမေ သက်ကျော်၏ ဖခင် ဦးမောင်ဝင်းနှင့် ဦးဝင်း ၈/မဘန(နိုင်)၁၁၂၅၉၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးမောင်ဝင်း (ခ) ဦးဝင်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(74W/44911), New Zhnic Smash ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co;ltd က (ကမ–၃) ပျောက် မိတ္တူလျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာ သည့် ရက်မှ(၃၀)ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ် ဆောင်ရွက် ပါရန်။

ကညန၊ ခရိုင်ရုံး
(မင်းဘူး)

မိခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက(ခွဲ) ကြာဂရက်၊ Grade–12 မှ ဦးကြိုင် လင်းခိုင်၏သား စောသက်လင်းခိုင် ၏ မိခင်အမည်မှန်မှာ နော်မိုးလေး ၁၄/ဟသတ(နိုင်)၂၈၃၁၇၇ ဖြစ်ပါ သည်။

နော်မိုးလေး

အမည်ပြောင်း

ဟသ်ာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade–3 မှ ဦးကိုကိုကျော်–ဒေါ်ခိုင်ဇင်မော် တို့၏ သား မောင်သေင်ကို ကို မောင်မင်း သာကီကျော် ဟု ပြောင်းလဲခေါ်ဝေါ် ပါသည်။

မိဘများ

ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိ မြို့နယ်၊ အထက(၇) ကျောင်း Grade–6 မှ မခင်ငြိမ်းဝေ၏ ဖခင် အမည်မှန်မှာ ဦးဇော်ခိုင်ဝင်း ၈/ ဆဖန(နိုင်)၀၆၂၄၃၁ ဖြစ်ပါ ကြောင်း။

မိဘအမည်မှန်

ဟသ်ာတမြို့နယ်၊ အထက(ခွဲ) ကြာဂရက်၊ Grade–1 မှ မောင်သုတ အောင်၏ မိဘအမည်မှန်မှာ ဦးဇော်ထက်အောင် ၁၄/ဟသတ (နိုင်) ၂၉၅၅၄၈ နှင့် ဒေါ်ရီရီသင်း ၁၄/မမန (နိုင်)၂၆၁၉၈၉ ဖြစ်ပါသည်။

မိဘများ

အမည်ပြောင်း

ဟသ်ာတမြို့၊ ကြယ်တံခွန် ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade–4 မှ ဦးကျော်ဇေမင်း – ဒေါ်ဇင်မြင့်မိုရ် တို့၏ သား မောင်ဘုန်းမိုးခန့်အား မောင်မိုးခန့် ဟုပြောင်းလဲ ခေါ်ဝေါ်ပါသည်။

မောင်မိုးခန့်

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
မြောင်းမြခရိုင်တရားရုံး
၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၉ နှင့် ဆက်နွယ်သည့်
၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

ကမ္ဘာ့ရတနာဘဏ် နှင့် ၁။ ဦးစိုးတင့်
(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) ၂။ ဒေါ်ရင်မြိုင်
(၎င်း၏ကိုယ်စားဘဏ်ခွဲတာဝန်ခံ ဒေါ်အေးအေးစန်း)
(ဒီကရီအနိုင်ရရှိသူ) **(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ ကျန်စစ်သား လမ်း၊ အမှတ် ၁၄/ခ နေ တရားရှုံး(၁)ဦးစိုးတင့်၊ တရားရှုံး(၂)ဒေါ်ရင်မြိုင်(ယခု နေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၉၉ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြု လုပ်ရန် ဤ ရုံးတော်တွင် တရားနိုင် ကမ္ဘာ့ရတနာဘဏ်(၎င်း၏ကိုယ်စား ဘဏ်ခွဲတာဝန်ခံ ဒေါ်အေးအေးစန်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်းအကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စား လှယ် ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ် ဇွန်လ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ်(၆) ရက် မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(အုန်းမြင့်)
ဒုတိယခရိုင်တရားသူကြီး
မြောင်းမြခရိုင်တရားရုံး

ကုန်အမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်း ကြေညာခြင်း

KING

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်သည် ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင် စာချုပ်အမှတ် ၄/၄၅၉၀ ဖြင့် မှတ်ပုံတင်သွင်းပြီးစီးခဲ့ပြီး မွေ့ရာဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းအဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုနိုင်ရန် တီထွင်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ မူလပိုင်ရှင် ဒေါ်ယွန်းပန်း ဟန်နီထိုက် ၏ ခွင့်ပြုချက်မရရှိဘဲ ပုံတူပြုလုပ်သုံးစွဲခြင်းများရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ကျော့မွန်မွန်
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၈၉၄/၂၀၁၇)
အမှတ် (၄၃) အုတ်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၉–၄၂၀၂၄၆၈၆၃၊ ၀၉–၇၈၀၄၆၀၁၄၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅) ကျောက်တောင်၊ ကွင်း/အကွက်အမှတ်(၁၈/ကျောက်တောင်) ဦးပိုင်အမှတ် (၃၅/၃၅–က) မြေဧရိယာ ၀ ဒသမ ၀၆၁ ဧကရှိ မြေကွက်မှာ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်စာချုပ်နံပါတ် (၁၂၂/၂၀၁၄–၂၀၁၅) ဂရန်အမှုတွဲအမှတ် (၁၄၃/၂၀၁၂–၂၀၁၃)အရ ဒေါ်အမာရီ ၉/မမန(နိုင်)၀၄၃၂၀၆ မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အထက်ပါ အမည်ပေါက်သူ ပိုင်ဆိုင်သော နေအိမ်နှင့်မြေကွက်ကို ဒေါ်အမာရီ လက်ရှိလက်ရောက်နေထိုင် ပိုင်ဆိုင်လျက် ရှိသူဖြစ်၍ ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါ ပိုင်ဆိုင်ထားသော မြေကွက်နှင့်နေအိမ် အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အပြီးအပိုင်လက်ရောက်ဝယ်ယူရနအတွက် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းထွေး(ဘ)ဦးလီဟွာခွင် ၁၃/ကမန(နိုင်)၁၅၅၈၈၆၊ ရဲမွန်တောင် ရပ်ကွက်၊ မန္တလေးမြို့နေသူမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားသူ–
ဒေါ်သန်းထွေး (ဘ) ဦးလီဟွာခွင်
၁၃/ကမန(နိုင်)၁၅၅၈၈၆
ရဲမွန်တောင်ရပ်ကွက်၊ မန္တလေးမြို့။
ဖုန်း–၀၉ – ၄၀၂၅၉၃၇၀၈

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးယောမက်ဆန်း
LL.B, Dip in Eng (MUFL)
တရားလွှတ်တော်ရှေ့နေ
စဉ် ၁၅၉၄၅ (၃–၉–၂၀၀၉)
အမှတ်(၈၃)၊ ရကက(၅)၊ ပြင်ဦးလွင်မြို့။
ဖုန်း–၀၉–၉၅၄၇၁၀၃၀၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/39034 ယာဉ်လက်ဝယ်ရှိသူ SAN MYAT ZAW CO.,LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မြင်းခြံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/40596, Zeniz (ADX5) ယာဉ်လက်ဝယ်ရှိသူ Nylon Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆

ဦးဖွဲလင်းထက် နှင့် ၁။ ဒေါ်ခင်စောဦး
၂။ ဒေါ်နွဲ့နွဲ့ရီ
၃။ ဒေါ်ရီရီမြင့်

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၃၀)၊ မြရတနာ(၇)လမ်း၊(ခ)ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ)တရားပြိုင် ဒေါ်ခင် စောဦးပါ(၃)ဦးသိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူတရားပြိုင်များမှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(ရဲမင်းထွန်း)
မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀(၁)
မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၇

ဒေါ်မေသင်းကြူ နှင့် ဒေါ်သိန်းရွှေ

(တရားလို) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄၀)၊ စပယ်ဖြူလမ်း၊ ဝေဘာဂီ မြို့သစ်(၃)ရပ်ကွက်(ယခုနေရပ်လိပ်စာမသိ) တရားပြိုင် ဒေါ်သိန်းရွှေသိစေရမည်။

